မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၂)



နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအလေးထားဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်)

မြန်မာ့တိုင်းရင်းဆေး အာနိသင်ထက်မြက်ရေး ကြိုးပမ်းဖော်ထုတ်

မြန်မာနိုင်ငံသည် မြေသယံဇာတ ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ ဒေသများစွာတွင် စိမ်းစိုလန်းဆန်းသော သစ်တော၊ သစ်ပင်များဖြင့် လွှမ်းခြုံဖုံးလွှမ်းလျက်ရှိသည်။

ထိုသစ်တော သစ်ပင်များတွင် အဖိုးမဖြတ်နိုင်သော ဆေးဖက်ဝင်သစ်ပင်များ ဖြစ်တည်ပေါက်ရောက်လျက်ရှိသည်။ ဆေးဖက်ဝင်သစ်ပင်များမှသည် လူသားတို့၏ကျန်းမာရေးအတွက် လိုအပ်သော တိုင်းရင်းဆေးဝါးများကို ထုတ်လုပ်နိုင်သည်။

မြန်မာ့တိုင်းရင်းဆေးများကို နိုင်ငံအတွင်း ဒေသအနှံ့ပေါက်ရောက်သည့် သစ်ပင်၊ သစ်မြစ်၊ သစ်ဥများဖြင့် ဖော်စပ်ထားသဖြင့် ဘေးထွက်ဆိုးကျိုးနည်းသည်နှင့်အမျှ ကျန်းမာရေးအတွက်လည်း များစွာအသုံးတည့်လှသည်။

မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်းလုံး၌ လူနေမှုဘဝဟန်များနှင့် အစားအသောက် အနေအထိုင်များ ပြောင်းလဲလာခြင်းကြောင့် ရောဂါအသစ်အဆန်းများ ဖြစ်ပွားလျက်ရှိပြီး အချို့ရောဂါများသည် နိုင်ငံခြားဆေးမသုံးဘဲ မြန်မာ့တိုင်းရင်းဆေးဖြင့်ကုသလျှင် ထိရောက်သက်သာပျောက်ကင်းစေကြောင်း တွေ့ရှိရသည်။

အချို့တိုင်းရင်းဆေးများကို နိုင်ငံခြားဆေးများနှင့် ပေါင်းစပ်ကုသပါက တီဘီ၊ ငှက်ဖျား၊ ဆီးချို၊ သွေးချို၊ ဝမ်းပျက်၊ ဝမ်းလျှောနှင့် ဝမ်းကိုက်စသည့်ရောဂါများကို ကုသနိုင်သည်။

တိုင်းရင်းဆေးများသည် ပင်ကိုသဘာဝအစွမ်းအာနိသင်ရှိပြီး ဘေးထွက်ဆိုးကျိုးနည်းပါးသဖြင့် ကမ္ဘာ့နိုင်ငံအချို့သည် ခေတ်ပေါ်ဆေးဝါးများအစား ရိုးရာတိုင်းရင်းဆေးများကို ထုတ်လုပ်ပြီး တိုင်းရင်းဆေးလုပ်ငန်းများကို ကျယ်ပြန့်နက်ရှိုင်းစွာ သုတေသနလုပ်ကိုင်နေကြပြီဖြစ်သည်။

ထို့ကြောင့် အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ၊ ဆေးဖက်ဝင်သယံဇာတအရင်းအမြစ်များ မပျောက်ပျက်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာ ထွန်းကားလာစေရေးအတွက် မြန်မာ့တိုင်းရင်းဆေးပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်ပေးသွားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် မြန်မာ့တိုင်းရင်းဆေးအစွမ်းကို ကမ္ဘာ့အချို့နိုင်ငံများက အသိအမှတ်ပြု သုံးစွဲလာကြပြီဖြစ်ရာ ရိုးရာအမွေအနှစ်ဖြစ်သော အာနိသင်ထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးပညာကို ခေတ်မီနည်းပညာများဖြင့် စံချိန်စံညွှန်းမီဖော်ထုတ်နိုင်သည်နှင့်အမျှ ပြီးပြည့်စုံသော တိုင်းရင်းဆေးပညာရပ်အဖြစ် နိုင်ငံတကာသို့တိုင် ပိုမိုပျံ့နှံ့စွာ ရောက်ရှိစေနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မေတ္တာအစွမ်းအံ့မခန်း** တရားတော် (ရေနံချောင်းဆရာတော်ဘဒ္ဒန္တဇနိတ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၃၃)
၈:၃၀ Premier League Highlight (Match-18)
၈:၅၅ အောင်စကြာအရှင်စန္ဒသိရီ၏ ဝိဇာတမွေးနေ့မင်္ဂလာနှင့် ကျောင်းလွှတ်ပူဇာမင်္ဂလာ
၉:၀၅ ခရီးသွားများ အဆင်ပြေ မန္တလာမေ
၉:၂၅ Global Panorama
၁၀:၁၀ Activities in the City (ငါ့နမလေးပွသွားပြီ ရုပ်ရှင်ဇာတ်ကားကြီးကန်တော့ပွဲအခမ်းအနား)
၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၅၅ နွေ၊ မိုး၊ ဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
၁၁:၁၅ International Show Biz
၁၁:၃၀ မောမြေရဲ့အမောပြေ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်
၁၁:၄၀ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ** ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ၊ အရိုင်း [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၁၂:၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖိနပ်အလှဆင်ပုံ)
၁၂:၄၀ မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း
၁:၀၀ **မေတ္တာအစွမ်းအံ့မခန်း** တရားတော် (ရေနံချောင်းဆရာတော်ဘဒ္ဒန္တဇနိတ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ မက်မဆုံးတဲ့ပြက်လုံးများ သောင်းဟန်၊ စူပါဘဲတော၊ ဂွတ်ရှယ်
၃:၁၅ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၃:၃၀ Activities in the City (ငါ့နမလေးပွသွားပြီ ရုပ်ရှင်ဇာတ်ကားကြီးကန်တော့ပွဲအခမ်းအနား)
၃:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Total Quality Management)
၃:၅၅ မှုဟန်ကိုယ်စီတေးကိုသီ
၄:၀၅ ခရီးသွားများအဆင်ပြေ မန္တလာမေ
၄:၂၀ စာအုပ်ပြခန်း (Fashion မဂ္ဂဇင်းနှင့် လှိုင်းသစ်မဂ္ဂဇင်း)
၄:၃၅ အောင်စကြာအရှင်စန္ဒသိရီ၏ ဝိဇာတမွေးနေ့မင်္ဂလာနှင့် ကျောင်းလွှတ်ပူဇာမင်္ဂလာ
၄:၅၀ MTV Movie Awards (2009)
၅:၃၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၄၀ Mega Star Talk ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၇:၁၀ အနုပညာမိုးကောင်းကင်
၇:၃၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖိနပ်အလှဆင်ပုံ)
၈:၀၀ MRTV-4 သတင်း
၈:၃၅ မက်မဆုံးတဲ့ပြက်လုံးများ သောင်းဟန်၊ စူပါဘဲတော၊ ဂွတ်ရှယ်
၈:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Total Quality Management)
၉:၁၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၃၃)
၁၀:၀၀ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၁၀:၂၅ MTV Movie Awards (2009)
၁၁:၁၀ စာအုပ်ပြခန်း Fashion မဂ္ဂဇင်းနှင့် လှိုင်းသစ်မဂ္ဂဇင်း
၁၁:၂၀ Mega Star Talk ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၁၁:၅၀ မြန်မာစာ မြန်မာစကား
၁၂:၀၅ သတ္တုတူးသောရွာကလေး
၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Wigan-Bolton	ESPN (Live)

မြဝတီ ရုပ်မြင်သံကြား

၂၁-၁၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ မြန်မာစာ မြန်မာစကား
၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၀ ၇။ စိုက်ပျိုးသုတ
၅:၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၂၂) (ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၁၃)

နိုင်ငံတော်မှ ပံ့ပိုးငွေနှင့် အများပြည်သူထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၂၃၀၀ကျော် အကုန်ကျခံဆောက်လုပ်ခဲ့သော ပေါင်မြို့နယ် သဲအိမ်ကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက်က အဆိုပါဆေးရုံရှေ့၌ကျင်းပရာ မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဇော်ဝင်း၊ သထုံခရိုင်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် သဲအိမ်ကျေးရွာ ရပ်မိရပ်ဖဦးအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၇၆)

သချၤာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တက္ကသိုလ်(လှိုင်) ၁၉၉၁-၁၉၉၄ခုနှစ် သချၤာကျောင်းသား ကျောင်းသူများ၏ (၁၅)နှစ်ပြည့် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီမှ၁၁နာရီအထိ M3Food Centre ၌ကျင်းပမည်ဖြစ်ရာ သချၤာကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုတင်မောင်မောင် ဖုန်း-၀၉-၅၀၂၂၅၈၇၊ ကိုစိုးမျိုးနွယ်(စိုးစိုး) ဖုန်း-၀၉-၅၁၄၄၇၀၄၊ ကိုကျော်မင်းလှိုင် ဖုန်း-၀၉-၅၀၀၄၇၈၆၊ ကိုဝင်းအေး ဖုန်း-၀၉-၅၄၀၀၁၁၂၊ ကိုသီဟအောင် ဖုန်း- ၀၉-၅၀၃၄၅၅၃၊ ကိုဥက္ကာအောင် ဖုန်း-၀၉-၅၀၅၂၇၂၂၊ ကိုသန့်လွင် ဖုန်း-၀၉-၉၉၂၇၅၅၂၊ မမြမြကြွယ် ဖုန်း-၀၉-၅၁၅၄၈၂၆၊ မသန်းသန်းထွေး(မE.C) ဖုန်း-၀၉-၅၁၀၉၁၂၈၊ မထက်ထက်အေး ဖုန်း-၀၉-၅၁၁၈၆၉၇၊ မခင်စံပယ်သွင် ဖုန်း-၀၉-၅၁၆၈၅၄၆နှင့်မချိုမာမင်း ဖုန်း-၀၉-၅၁၅၂၉၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အထက(၃)ဒဂုံ(ယခင်မြို့မအမျိုးသမီးကျောင်း) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

အထက(၃)ဒဂုံ (ယခင်မြို့မအမျိုးသမီးကျောင်း)၏ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အငြိမ်းစားဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲအခမ်းအနားကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများသည် အထက(၃)ဒဂုံ ဖုန်း-၀၁-၂၂၂၇၄၆၊ မခင်ချမ်းသာ ဖုန်း-၀၉-၅၄၀၀၉၆၉၊ ဒေါက်တာခင်ခင်ထား ဖုန်း-၀၉-၅၀၁၄၉၃၃၊ မသိင်္ဂီသန်း ဖုန်း-၀၁-၆၆၁၃၇၄၊ မလှလှသန်း ဖုန်း-၀၁-၂၂၄၀၀၇၊ မချွေးချွေးခိုင် ဖုန်း-၀၉-၉၉၂၇၀၂၁၊ မဥမ္မာမြင့် ဖုန်း-၀၉-၅၀၆၅၅၃၆၊ မအေးစုလှိုင် ဖုန်း-၀၁-၂၁၁၆၃၉၊ မမိုးဖြူသဲ ဖုန်း-၀၁-၅၅၆၂၆၁၊ နန်းဝတ်ရည်နှင်းကြည်ဦး ဖုန်း-၀၁-၆၄၁၈၅၉၊ ကိုအောင်ငြိမ်းချမ်း ဖုန်း-၀၉-၅၁၆၀၅၈၆၊ ကိုအောင်ကိုလင်း ဖုန်း-၀၉-၉၉၂၁၅၈၃၊ မယဉ်မင်းထက် ဖုန်း-၀၁-၅၃၈၃၈၆ နှင့် ကိုရဲမင်းဦး ဖုန်း-၀၁-၇၀၈၅၂၇ တို့သို့ ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပုလောအသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက်(စနေနေ့)တွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခန်းမ၌ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ ၂၀၀၉ခုနှစ်အတွင်း ပါရဂူဘွဲ့နှင့် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်နှင့် အသင်းဝင်သားသမီးများ အထောက်အထားများဖြင့် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား စာရင်းပေးပို့ကြပါရန်နှင့် နှစ်ပတ်လည်အစည်းအဝေးတွင် တင်သွင်းမည့် အကြံပေးစာများနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ ၂၀၁၀ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးခံစားခွင့်လျှောက်ထားလိုသော အသင်းဝင်သားသမီးများ သတ်မှတ်ပုံစံများဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ အမှုဆောင်အဖွဲ့(ရန်ကုန်၊ မြိတ်၊ ပုလော)တို့သို့ ပေးပို့ကြရန် နှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ် မိုးမခလမ်း အမှတ်၅၁နေ ဦးတင်ဦး-ဒေါ်ခင်သန်းမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အမေရိကန်ဒေါ်လာ ၂၀၀ လှူဒါန်းရာ သူနာပြုအုပ်ဒေါ်မြင့်မေနှင့် သူနာပြုဒေါ်တင်ဇာအေးကျော်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

✽ ကျောဖုံးမှ

ဂုဏ်ပြုတပ်ဖွဲ့အလေးပြု

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

မိတ်ဆက်ပေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။ **(သတင်းစဉ်)**

အလေးပြုခြင်းခံယူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် သာယာနေသည်။

__ယနေ့ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ သာယာမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထူးခြားသည့် ညအပူချိန်

၂၀-၁၂-၂၀၀၉

ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၅	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၆	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၆	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၆	ဒီဂရီစင်တီဂရိတ်

နေပြည်တော် အုတ်စက်ရုံစီမံကိန်း(ပန်းတင်) တည်ဆောက်မှု
ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ရေနီရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့ တန် ၂၀ကျ ကတ်ထူစက္ကူစက်ရုံ စက်စွမ်းအားတိုးမြှင့် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်က စက်ပစ္စည်းအသစ်များ ရာနှုန်းပြည့် လဲလှယ်ပြုပြင်တပ်ဆင်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရေညှစ်ထုတ်စက်၊ စက္ကူမျက်နှာပြင်ချောစက်၊ စက္ကူလိပ်ယူစက်နှင့် ကတ်ထူအချပ်ဖြတ်စက်များ တပ်ဆင်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံရှိ ၂၅တန်ကျ စက္ကူစက်ရုံကို တန် ၄၀ကျ သတင်းစာစက္ကူစက်ရုံအဖြစ် ပြောင်းလဲတပ်ဆင် ထုတ်လုပ်မည့် စက်ပစ္စည်းများ အခြေအနေ၊ အမှတ်(၂)စက္ကူစက်ရုံ၏ ဘိလပ်မြေအိတ်စက္ကူ ထုတ်လုပ်မှုအခြေအနေနှင့် ထုတ်လုပ်ပြီးစက္ကူလိပ်များ သိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

စနစ်တကျထားရှိ

ထို့နောက် တန် ၅၀သတင်းစာပျော့ဖတ်နှင့် တန် ၈၀ထုပ်ပိုးစက္ကူစက်ရုံသို့ ရောက်ရှိပြီး ကုန်ကြမ်း၊ ဝါးနှင့်သစ်များ စနစ်တကျထားရှိမှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာအနီး၌ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းက တည်ဆောက်လျက်ရှိသော တစ်နေ့အုတ်ချပ်ရေ တစ်သိန်းခွဲကျ နေပြည်တော် အုတ်စက်ရုံ စီမံကိန်း(ပန်းတင်)သို့ ရောက်ရှိပြီး အုတ်ညှစ်စက်၊ အုတ်ဖြတ်စက်၊ အနုကြိတ်စက်၊ မြေကြိတ်ခွဲစက်နှင့် မြေကျွေးစက်များ တပ်ဆင်ပြီးစီးမှု၊ ကုန်ကြမ်းမြေကြီး ပြင်ဆင်သိုလှောင်ရုံ အဆောက်အအုံများ တည်ဆောက်နေမှု၊ ဥမင်အခြောက်ခံဖိုနှင့် ဥမင်မီးဖိုများ တည်ဆောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းနိုင်မည်

အဆိုပါ အုတ်စက်ရုံစီမံကိန်း(ပန်းတင်) တည်ဆောက်ပြီးစီးပါက နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများအတွက် အရည်အသွေးမီ အုတ်များကိုတစ်နှစ်လျှင် အုတ်ချပ်ရေ သန်း ၅၀ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါက်ခေါင်းမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ပေါက်ခေါင်း ဒီဇင်ဘာ ၂၀

ပေါက်ခေါင်းမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့် အိမ်ရာစခန်း သာသနဟိတကာရီမ္မောရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လျှုဒါန်းနိုင်

အသက် (၇၅)နှစ်အထက် ပေါက်ခေါင်းမြို့မှ ရန်ကုန်မြို့ရောက် သက်ကြီးဘိုးဘွားများနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ စာရင်းကို ဒီဇင်ဘာ ၂၇ရက် နောက်ဆုံးထား၍ ဦးထွန်းရွှေ ဖုန်း-၃၈၇၅၃၄၊ ဦးဌေးအောင် ဖုန်း-၂၉၇၈၇၆၊ ဦးကြိုင်အေး ဖုန်း- ၂၁၇၀၀၃နှင့် ဒေါ်ခင်လေးမြင့် ဖုန်း-၆၅၃၆၅၃(လိုင်းခွဲ-၈၆၀၉)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ
နှစ်ပတ်လည်အသင်းသား စုံညီစည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ **UMFCCI Office Tower** ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်လျက်ရှိသော ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဟိုပင်-သဲဂုဏ်လမ်း ပြောင်းဖူးစေ့စီ ကျောက်ချောလမ်း အရှည်ပေ ၅၅၉၀ ခင်းရန်အတွက် မြေသားပြင်ဆင်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးနိုင်ဝင်း ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွဋ်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့ပူနွေးမှုတိုက်ဖျက်ရေး ကိုပင်ဟေဂင် ထိပ်သီးအစည်းအဝေး၌ သဘောတူညီမှုရရှိ

ကိုပင်ဟေဂင် ဒီဇင်ဘာ ၂၀

ကမ္ဘာ့ပူနွေးမှုတိုက်ဖျက်ရေးဆိုင်ရာ သဘောတူညီမှုရရှိရေး တွန်းအားပေးပြီးနောက် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီး အစည်းအဝေးတွင် သဘောတူညီမှုတစ်ရပ်ရရှိသွားကြောင်း သတင်းရရှိသည်။

သဘောတူညီမှု

အမေရိကန်သမ္မတ အိုဘားမား၊ တရုတ်၊ အိန္ဒိယ၊ တောင်အာဖရိက ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူညီမှုတစ်ရပ် ရရှိသွားပြီဖြစ်ကြောင်း အမေရိကန်ထိပ်တန်းအရာရှိ တစ်ဦးက ဒီဇင်ဘာ၁၈ရက်၌ ပြောကြားသည်။

အမေရိကန်သမ္မတအိုဘားမားက သဘောတူညီမှုတစ်ရပ်ရရှိပြီးဖြစ်ကြောင်း၊ သို့သော် ယင်းမှာအကန့်အသတ်ရှိပြီး တရားဝင် စည်းနှောင်မှုမရှိဟု ပြောကြားသည်။ (အင်တာနက်)

အီဂျစ်နိုင်ငံ အလက်ဇန္ဒယားမြို့ အရှေ့ပိုင်းဆိပ်ကမ်းအနီး ရှိ မြေထဲပင်လယ်မှ ဆယ်ယူရရှိသည့် အီဂျစ်ရှေးဟောင်းမျှော်စင် တိုင် အစိတ်အပိုင်းတစ်ခုကို ဒီဇင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကွီကျိုပြည်နယ် ကွီယန်းမြို့၌ ၂၀၀၉ခုနှစ် ကွီယန်းအစားအစာ ပြိုင်ပွဲတွင် စားသောက်ဆိုင် ၅၀ပါဝင်ယှဉ်ပြိုင်နေသည်ကို ဒီဇင်ဘာ၁၉ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီရတ်ရေနံတွင်းကို သိမ်းပိုက်မှု
အီရန်နိုင်ငံက ငြင်းပယ်

တီဟီရန် ဒီဇင်ဘာ ၂၀

အီရတ်ရေနံတွင်းတစ်တွင်းကို အီရန်လက်နက်ကိုင်တပ်ဖွဲ့က သိမ်းပိုက်ထားကြောင်း သတင်းထုတ်ပြန်ချက်သည် အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေးကို အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံကပြောကြားကာ ယင်းသတင်းကို လက်မခံဘဲ ငြင်းပယ်လိုက်သည်ဟု အိုင်အာအင်န်အေသတင်းဌာနက ကြေညာသည်။

ကြိုးစားလုပ်ဆောင်

နိုင်ငံခြားမီဒီယာများသည် အခြေအမြစ်မရှိသည့်သတင်းများကို ထုတ်ပြန်နေကြောင်း၊ ထို့အပြင် အီရန်နှင့်အီရတ်ကြား နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားစေရန် ဝါဒဖြန့်လှုံ့ဆော်မှုများဖြင့် ကြိုးစားလုပ်ဆောင်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရာမင်မီမင်ပါရက်က ပြောသည်ဟုလည်း အဆိုပါအိုင်အာအင်န်အေ သတင်းဌာနက ဆက်လက်ဖော်ပြသည်။

ချစ်ကြည်ရင်းနှီးစွာ

အီရန်နှင့်အီရတ်နိုင်ငံတို့သည် လက်ရှိအခြေအနေတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီး ဆက်ဆံရေးအနေအထားကောင်းမွန်နေကြောင်း၊ ယင်းကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေသည်ကို မနှစ်မြို့ကြသူများက နှစ်နိုင်ငံကြားသဘောထားကွဲလွဲအောင်လုပ်ကြံဖန်တီးနေကြကြောင်းဖြင့်လည်း အဆိုပါ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန် ဘဏ် ခုနစ်ဘဏ် ကြွေးမဆပ်နိုင်၍ ပိတ်လိုက်ရ

ဝါရှင်တန် ဒီဇင်ဘာ ၂၀

အမေရိကန်ပြည်ထောင်စု ဘဏ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကကယ်လီဖိုးနီးယားမှဘဏ်ကြီးနှစ်ခုအပါအဝင် အယ်လ်ဘားမား၊ ဖလော်ရီဒါ၊ ဂျော်ဂျီယာ၊ မစ်ချီဂန်နှင့် အီလီနွိုက်ပြည်နယ်များမှ ဘဏ်များကို ဒီဇင်ဘာ ၁၈ရက်က ပိတ်လိုက်ရကြောင်း၊ ယခုနှစ်အတွင်းပိတ်လိုက်ရသည့်ဘဏ်အရေအတွက် ၁၄၀ရှိသွားပြီဖြစ်ကြောင်း၊ ယင်းမှာ အမေရိကန်တွင် စီးပွားရေးကျဆင်းပြီး ကြွေးမြီပေးဆပ်ရန်ပျက်ကွက်မှု များပြားလာခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

လွှဲယူ

အဆိုပါဘဏ်များကို အမေရိကန်ပြည်ထောင်စု၏ ဘဏ်အပ်ငွေအာမခံကော်ပိုရေးရှင်းက လွှဲယူလိုက်ကြောင်းလည်း သတင်းရရှိသည်။

အမေရိကန်ပြည်ထောင်စု ဘဏ်များသည် အထူးသဖြင့် အိမ်နှင့် မြေယာရောင်းဝယ်ရေးလုပ်ငန်းများမှ ချေးငွေများ ပြန်မရသဖြင့် ထိခိုက်မှုများရှိခဲ့ကြောင်းလည်း သိရသည်။ **(အင်တာနက်)**

အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပသည့်(၁၀)ကြိမ်မြောက်ကားပြပွဲတွင် ပြသထားသည့်ကားတစ်စီးကို ဒီဇင်ဘာ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဂိုလာ အိမ်ရာစီမံကိန်း တရုတ်ကုမ္ပဏီများစတင်

လူအန်ဒါ ဒီဇင်ဘာ ၂၀

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ ဟွာစီကုမ္ပဏီနှင့် ဟိုင်ရှန်နိုင်ငံတကာ ဆောက်လုပ်ရေးကုမ္ပဏီတို့ပူးပေါင်းကာ အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့တောင်ပိုင်း ကာမာမာခရိုင်အတွင်း၌ အိမ်ရာဆောက်လုပ်ရေးစီမံကိန်း ပထမအဆင့်ကို ဒီဇင်ဘာ ၁၇ရက်တွင် အကောင်အထည်ဖော်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

စီမံကိန်း

အဆိုပါ ဆောက်လုပ်ရေးစီမံကိန်းသည် အင်ဂိုလာနိုင်ငံအတွင်း အကြီးဆုံး အိမ်ရာစီမံကိန်းတစ်ခုဖြစ်သည်။

ဆောက်လုပ်ပေး

ဟွာစီနှင့် ဟိုင်ရှန်တရုတ်ကုမ္ပဏီတို့သည် အင်ဂိုလာနိုင်ငံတွင်သာမက ကင်ညာ၊ တန်ဇန်နီးယားနှင့် ဖီဂျီနိုင်ငံများတွင်လည်း အိမ်ရာများဆောက်လုပ်ပေးမည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လာဟိုးမြို့ ဈေးအတွင်းပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ဈေးအတွင်း၌ အင်အားပြင်း ဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလမ်းကြောင်းများ အစ္စရေးတို့ ပိတ်ပစ်လိုက်ကြောင်း ကြေညာ

ဂါဇာ ဒီဇင်ဘာ ၂၀

အစ္စရေးအာဏာပိုင်များသည် ဟားမတ်စ်တို့ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေးနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလမ်းကြောင်းအားလုံးကို ဒီဇင်ဘာ ၁၈ရက်က ပိတ်ထားလိုက်ကြောင်း ပါလက်စတိုင်းတို့ဘက်မှ ပြောကြားသည်။

အစ္စရေးနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်နေရာများအားလုံးကို ပိတ်ထားရန် ဒီဇင်ဘာ ၁၈ရက်က ဆုံးဖြတ်လိုက်ကြောင်း၊ ဂါဇာနှင့်အစ္စရေးအကြား ကုန်သွယ်မှုညှိနှိုင်းရေးမှူး ရာအိဖာတူးက ထုတ်ဖော်ပြောကြားလိုက်သည်။

ပိတ်ထား

အစ္စရေးနိုင်ငံသည် နာဟောယူဇက်၊ ကာရမ်ရှာလုမ်နှင့်ကာနီတို့ ပါဝင်သော နယ်စပ်ဖြတ်ကျော်နေရာများကို အကြောင်းပြချက် တစ်စုံတစ်ရာ ရှင်းလင်းပြောကြားခြင်းမပြုဘဲ ပိတ်ထားလိုက်ကြောင်း အဆိုပါညှိနှိုင်းရေးမှူးက ပြောကြားသည်။

သယ်ယူခွင့်ပြုရန်

ဥရောပသို့တင်ပို့ရောင်းချမည့် ထရပ်ကားများဖြင့် အပြည့်တင်လာသော ဂါဇာမှ ပန်းများကို သယ်ယူခွင့်ပြုရန် ဂါဇာအရှေ့တောင်ပိုင်းနှင့် အစ္စရေးနိုင်ငံတို့အကြား ကာရမ်ရှာလုမ် နယ်စပ်ဖြတ်ကျော်နေရာကို အစ္စရေးတို့ ဒီဇင်ဘာ ၁၇ရက်က ဖွင့်ပေးခဲ့ကြောင်း၊ ချက်ပြုတ်ရာတွင်အသုံးပြုသည့် မီးဖိုသုံးဓာတ်ငွေ့နှင့် စက်မှုလက်မှုသုံး လောင်စာဆီများကိုလည်း ဒီဇင်ဘာ ၁၇ရက်က ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ တင်ပို့ခွင့်ပြုခဲ့ကြောင်း မစ္စတာရာအိဖာတူးက ပြောကြားသည်။ **(အင်တာနက်)**

အီရတ် ဒီယာလာပြည်နယ်၌ နေအိမ်ပြိုကျ မိသားစုဝင်ငါးဦးသေဆုံး

ဘာကူဘာ ဒီဇင်ဘာ ၂၀

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဒီဇင်ဘာ ၁၇ရက် ညပိုင်းက နေအိမ်ပြိုကျမှုဖြစ်ပွားရာ မိသားစုဝင်ငါးဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ယင်းဖြစ်ပွားမှုမှာမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှံ့များဖြင့်ပြုလုပ်ထားသည့်နေအိမ်မှာ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးငယ်နှစ်ဦးနှင့် အမျိုးသမီးသုံးဦး သေဆုံးကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

တရုတ် အရှေ့အနောက် အဝိကလမ်းမကြီး အပိုင်းတစ်ပိုင်း ဖောက်လုပ်ပြီးစီးပြီ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမှ ချုံကင်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရှေ့အနောက် အဝေးပြေးလမ်းမကြီး အပိုင်းတစ်ပိုင်း ဖောက်လုပ်ပြီးစီးသည့် အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အယ်လ်ရှာဟက်နှင့် ဟဇ်ဘူးလ်တို့အကြား ဆိုမာလီတွင် တိုက်ပွဲဖြစ်ပွား

ကင်ညာနယ်စပ်နှင့်ကပ်နေသည့် ဆိုမာလီနိုင်ငံရှိ ဒိုဘလေမြို့အနီးတွင် အယ်လ်ရှာဟက်နှင့် ဟဇ်ဘူးလ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများအကြား ဒီဇင်ဘာ ၂၀ရက်က တိုက်ပွဲဖြစ်ပွားရာမှ စစ်သွေးကြွ ခြောက်ဦးသေဆုံးသွားသည်ဟု သတင်းရရှိသည်။

အမေရိကန် အရှေ့ဘက်ကမ်းခြေဒေသ ဆီးနှင်းများ ထူထပ်စွာကျဆင်းနေ

အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ပင်လယ်ကမ်းခြေဒေသတွင် ဒီဇင်ဘာ ၁၉ရက်က တစ်ညလုံး ဆီးနှင်းများထူထပ်စွာ ကျရောက်နေသဖြင့် လမ်းများပိတ်ဆို့ပြီး သွားလာရေးအခက်အခဲ ကြုံတွေ့နေကြရသည်။ (အောက်ပုံ)

အယ်လ်ခိုင်ဒါစစ်သွေးကြွအုပ်စု ယီမင်အစိုးရနှိမ်နင်းနေ

ယီမင်အစိုးရက အယ်လ်ခိုင်ဒါအစွန်းရောက်အကြမ်းဖက်သမား စစ်သွေးကြွအုပ်စုကို ဒီဇင်ဘာ ၂၀ရက်ကစ၍ နှိမ်နင်းခဲ့ပြီးနောက် အယ်လ်ခိုင်ဒါအဖွဲ့ဝင် ၂၉ဦးအား ဖမ်းဆီးလိုက်နိုင်ကြောင်း အာဏာရအထွေထွေပြည်သူ့ညီလာခံ (ပြည်သူ့ကွန်ကရက်)က ကြေညာသည်။

အီတလီစုံတွဲတစ်တွဲ မော်ရီတေးနီးယား၌ ပြန်ပေးဆွဲခံရ

မော်ရီတေးနီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင် အီတလီစုံတွဲတစ်တွဲ ပြန်ပေးဆွဲခံရပြီး ၎င်းတို့၏ယာဉ်မောင်းပျောက်နေကြောင်း သတင်းရရှိသည်။ ၎င်းတို့စီးလာသည့်ကားကို မော်ရီတေးနီးယားနှင့် မာလီနယ်စပ်အနီးတွင် ပစ်ထားခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းနယ်စပ်သည် အယ်လ်ခိုင်ဒါတို့နှင့် အဆက်အသွယ်ရှိသည့် လက်နက်ကိုင်အဖွဲ့များ လှုပ်ရှားရာနေရာဟု လူသိများသည်။

ဆီးရီးယားနှင့် လက်ဘနွန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

ဆီးရီးယားသမ္မတဘာရှာအယ်-အာဆတ်နှင့် လက်ဘနွန်ဝန်ကြီးချုပ် ဆာဒ်ဟာရီရီတို့သည် ဒမတ်စကတ်မြို့ တက်ရှ်ရိန်းသမ္မတနန်းတော်၌ ဒီဇင်ဘာ ၂၀ရက်က တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး အလားအလာများ ဖွင့်လှစ်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ကတိပြုကြသည်ဟု ဆာနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ရုရှား၊ ဘီလာရုစ်နှင့် ကာဇက်စတန် သုံးနိုင်ငံ ဘုံစီးပွားရေးဇုန် တည်ဆောက်မည်

ရုရှား၊ ဘီလာရုစ်နှင့်ကာဇက်စတန်တို့၏ နိုင်ငံခေါင်းဆောင်များသည် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ပြုလုပ်သွားနိုင်ရေးအတွက် ၂၀၁၂ခုနှစ်မတိုင်မီ မိမိတို့ သုံးနိုင်ငံနှင့်သက်ဆိုင်သည့် ဘုံစီးပွားရေးဇုန်ကြီးတစ်ဇုန် တည်ဆောက်သွားမည်ဟု ဒီဇင်ဘာ ၂၀ရက်က ကြေညာသည်။ *(အင်တာနက်)*

လှိုင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဒီဇင်ဘာ ၁၄ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း အဖွင့်အမှာစကားပြောကြားစဉ်။ (၁၂၈)

မော်ဘီ အထက(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

အထက(၂)မော်ဘီ(ယခင်တပ်မတော်ကျောင်း)တွင် ၁၉၆၆-၁၉၆၇ခုနှစ်မှ ၁၉၇၄-၁၉၇၅ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြ ဆရာကြီး ဆရာမကြီးများနှင့် ၁၉၇၅-၁၉၇၆ခုနှစ်မှ ၁၉၇၉-၁၉၈၀ခုနှစ်အတွင်း အထက်တန်းပြအဖြစ် ပညာသင်ကြားပို့ချခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ယင်းနှစ်အတွင်းမှ ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲကို မော်ဘီအထက(၂) မေတ္တာရောင်ခြည်ခန်းမ၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဖော်ပြပါနှစ်များအတွင်း ဆရာကြီး ဆရာမကြီးများထံတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းနိုင်ရန်အတွက် ဒေါက်တာစောကလယ်ခူ ဖုန်း-၀၉-၅၁၆၅၈၁၄၊ ၀၉-၈၆၂၂၁၃၄၊ ဒေါ်အေးမြင့်ဦး ဖုန်း-၀၉-၅၁၅၁၄၃၆၊ ဒေါက်တာသီဟကျော် ဖုန်း-၀၉-၅၁၅၃၆၈၇၊ ဒေါ်ခင်မြတ်မူ ဖုန်း-၆၆၁၉၀၃၊ ဒေါ်အေးအေးစိုး ဖုန်း-၆၂၀၈၈၁၊ ဒေါ်စန်းယုမေ ဖုန်း-၆၂၀၀၉၃၊ ဦးကျော်မင်း ဖုန်း-၀၉-၅၀၄၃၃၅၇၊ ဒေါ်ချိုချိုမြင့်ဦး ဖုန်း-၀၉-၅၀၀၈၀၁၁၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း) ဖုန်း-၀၉-၅၁၆၂၈၇၂ နှင့် ဦးကာကျော် ဖုန်း-၀၉-၈၅၀၀၀၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဒေါက်တာစောကလယ်ခူ (မြောက်ဥက္ကလာပမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ) ငွေစာရင်းအမှတ် K ၁၇၁သို့လည်း ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့တ်အသင်း သက်ကြီးပူဇော်ပွဲ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်မြို့ မြို့တ်အသင်း၏ (၅၆)ကြိမ်မြောက် အသက်(၇၀)နှင့် အထက် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ရက် (ကြာသပတေးနေ့) နံနက်၈နာရီတွင် လည်းကောင်း၊ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၅ရက်(သောကြာနေ့) နံနက်၈နာရီတွင်လည်းကောင်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း ယုဇနပလာဇာခုနစ်လွှာ ယုဇနခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

မြို့တ်အသင်းဝင်များနှင့် မြို့တ်သူမြို့တ်သားမှန်သမျှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများပါဝင်လှူဒါန်းလိုပါက ရန်ကုန်မြို့ မြို့တ်အသင်းရုံး ဖုန်း-၂၂၄၃၄၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တွံတေး အလက ရွှေရတုအခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (တပ်မတော်)ကျောင်း နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် အခမ်းအနားနှင့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ဗိုလ်ကြီးကျော်မင်းထက် ဖုန်း-၀၁-၂၄၇၅၂၅၊ ဒေါ်မြင့်မြင့်စိန် ဖုန်း-၀၄၅-၅၀၂၈၇နှင့် ဦးခင်ဇော်ထွန်း ဖုန်း-၀၄၅-၅၀၁၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၈၃)**

အထက(၁) ဒေးဒရဲ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ဒေးဒရဲမြို့ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် ဒေးဒရဲမြို့ အထက(၁) ကရဝိက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးစိုးသိန်း(ရန်ကုန်) ဖုန်း-၀၁-၂၄၅၉၂၃၊ ၀၉-၅၁၃၆၇၉၈၊ ဒေါ်ခင်ရီ (ရန်ကုန်) ဖုန်း-၀၁-၅၂၄၂၅၅၊ ၀၉-၅၀၁၆၃၉၆၊ ဦးအောင်သိန်း(ရွှေဆိုင်-ဒေးဒရဲ) ဖုန်း-၀၄၅-၅၆၂၈၀နှင့် ဦးကျင်စိန် (လျှပ်စစ်ပစ္စည်းဆိုင်-ဒေးဒရဲ) ဖုန်း-၀၄၅-၅၆၂၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဒီဇင်ဘာ ၂၆ရက် နံနက်၈နာရီတွင် ဒေးဒရဲသို့ ဒလဘက်ကမ်းမှ မှန်လုံကားနှစ်စီးဖြင့် အာစရိယပူဇော်ပွဲသို့ ထွက်ခွာမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ရွှေပြည်သာမြို့နယ်တွင် ဆွေးနွေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၀

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ စိန်ပန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အဆိုပါ အခမ်းအနားတွင် အမှတ်(၅)ရပ်ကွက်အတွင်းရှိ စာကြည့်တိုက် ခုနစ်တိုက်မှကော်မတီဝင်များ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်အုံးညွန့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ်ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

သန်လျင်စည်ပင် မြေသားလမ်းဖောက်လုပ်

ရန်ကုန် ဒီဇင်ဘာ ၂၀

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်နေပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူစေရေးအတွက် ကျေးလက်လမ်းများဖောက်လုပ်လျက်ရှိရာ လဟာရက်-ခရမ်းရေထိန်းတံခါး မြေသားလမ်း အရှည်နှစ်မိုင်ဖောက်လုပ်ခြင်းကို လုပ်ငန်းခွင် အင်ဂျင်နီယာ ဦးစိုးသိမ်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ရက်က အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့်အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မြောက်ဥက္ကလာ ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၀ရက်က (ဂ)စံပြရပ်ကွက် ပညာအလင်းစာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်မိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံရေး၊ ကိုယ်ပိုင်မြေ ကိုယ်ပိုင်အဆောက်အအုံဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ စာအုပ်စာစောင်တိုးပွားရေးတို့ကို ဆွေးနွေးဟောပြောပြီး**(အပေါ်ပုံ)** စာကြည့်တိုက်မှူးဦးသိန်းဝင်းက စာကြည့်တိုက်ရှိ စာအုပ်များ ထိန်းသိမ်းထားရှိမှုနှင့် စာကြည့်တိုက်အခြေအနေတို့ကို ရှင်းလင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကြီးကြပ်မှုဖြင့် အဖွဲ့ပိုင် မြို့မဈေးအတွင်း ဒီဇင်ဘာ ၁၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂နာရီ ၅၅မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုနေ့လယ်စာစားပွဲ မသုံးဆောင်မီနှင့် နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများနှင့် တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှု တေးသရုပ်ဖော်အကတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်က ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ သမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်း ဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၁၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ **ဆည်ရေလျှံလျှံ ကန်ဒေါင့်ရေလှောင်တမံ**
၈:၃၀ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်**
၈:၅၀ ၁၂။ တိုင်းရင်းသားရိုးရာတေးသံသာ
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ အဆိုပြိုင်ပွဲ
၄:၃၅ ၄။ **ကြိုတင်ပြင်ဆင်ဆောင်ရွက် လျှင် အန္တရာယ်ကင်းစင် မွေးမိခင်**
၄:၄၅ ၅။ တေးဂီတအစီအစဉ် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၉။ တေးဂီတအစီအစဉ်
၅:၄၀ ၁၀။ **စူပါတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ **ဆိုကြမယ်၊ ပျော်ကြမယ်**
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၁၈)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၉)
၁၉။ အစီအစဉ်ပြီး၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေ ၃နာရီတွင် တရုတ်လေကြောင်းဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ သံရုံးမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရောက် တရုတ်နိုင်ငံသားများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ကျိုက်ထိုမြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ကျိုက်ထို ဒီဇင်ဘာ ၂၀

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ရက် နံနက် ၁၀နာရီက မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သုံးသပ်ဆွေးနွေး

စာဖတ်ဝိုင်းတွင် ဦးဝင်းမောင် (ဓာတ်ပုံ-၂)က ၁-၁၂-၂၀၀၉ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါက်တာအောင်စိုးရေးသားသည့် မျက်မှောက်ကာလ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ ပကတိအနေအထား ဆောင်းပါးကိုလည်းကောင်း၊ ဒေါ်သန်းသန်းမော် (စာထောက်-၃)က ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၂၂)မှ ထာဝစဉ်မြင့်မားရမည့် အမျိုးသားရေးစိတ်ဓာတ် ခေါင်းကြီးပိုင်းကိုလည်းကောင်း၊ ဒေါ်အေးယုဝေ (အငယ်တန်းစာရေး)က ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၂၂)မှ မင်းသျှင်အောင်ရေးသားသည့် ကျေးလက်စာကြည့်တိုက်များမှသည် ခေတ်မီစာကြည့်တိုက်များဆီသို့ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားပြီး ဦးစီးမှူး ဒေါ်ခင်စောလင်းက ဖတ်ကြားမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ နှစ်နိုင်ငံတာဝန်ရှိသူများ နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

21-12 (7) ll.pmd 1 12/21/2009, 12:46 PM

ကမ္ဘာ့စားနပ်ရိက္ခာဆု ၁၂နှစ်ဆက်တိုက် ဆွတ်ခူးခဲ့သည့် မလှိုင်မြို့နယ်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ	-	ကိုတင်လှိုင်(မိတ္ထီလာ)
စာမျက်နှာဖွဲ့စည်းမှု	-	မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါကို စိုက်ပျိုးကြသည်။ ထိုမြို့နယ်များအနက် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်သည် ဝါမျိုးစုံစိုက်ပျိုးသော မြို့နယ်ဖြစ်သည်။ မလှိုင်မြို့နယ်သည် ဝါမျိုးစုံ စိုက်ပျိုးရန် မြေအနေအထားကောင်းမွန်ခြင်း၊ ရာသီဥတုနှင့် ကိုက်ညီခြင်းကြောင့် ဝါကိုအများအပြား အဓိကထား စိုက်ပျိုးကြသည်။ မလှိုင် (၅/၆)ဝါ၊ မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးနှောင်းချည်မျှင်ရှည်ဝါနှင့် ငွေချည် (၆)ဝါများကို တစ်မြို့နယ်လုံး စိုက်ပျိုးကြသည်။

၁၂နှစ်ဆက်တိုက်

မလှိုင်မြို့နယ်သည် ယာမြေနှင့် လယ်မြေ နှစ်မျိုးစလုံးရှိသော မြို့နယ်ဖြစ်သည်။ နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် မိုးစပါးကိုလည်း ယခုနှစ်တွင် ၂၁၀၇၉ဧက စိုက်ပျိုးခဲ့သည်။ မလှိုင်မြို့နယ်မှာ ပဲမျိုးစုံဖြစ်သော ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်၊ ထောပတ်ပဲ၊ ပဲလိပ်ပြာနှင့် ကုလားပဲများ စိုက်ပျိုးသော မြို့နယ်ဖြစ်သည်။ မလှိုင်မြို့နယ်မှ ပဲမျိုးစုံ စိုက်ရာတွင် ကမ္ဘာ့စားနပ်ရိက္ခာဆုအဖြစ် ပဲစင်းငုံအထွက်ကောင်းသဖြင့် မြို့နယ်ဆု၊ တောင်သူဆုနှင့် တိုင်းဆုများကို ၁၉၉၇-၁၉၉၈ခုနှစ်မှ ယခု ၂၀၀၈-၂၀၀၉ခုနှစ်အထိ ၁၂နှစ်ဆက်တိုက် ဆုရရှိခဲ့သော မြို့နယ်ဖြစ်သည်။

ဆွတ်ခူးရရှိ

ကမ္ဘာ့စားနပ်ရိက္ခာဆုအဖြစ် ၁၉၉၇-၁၉၉၈ခုနှစ်က မြို့နယ်ဆု၊ ၁၉၉၈-၁၉၉၉ခုနှစ် မြို့နယ်ဆု၊ ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် ပန်းအိုင်ကျေးရွာမှ တောင်သူ ဦးကျော်ရွှေက တောင်သူဆု၊ ၂၀၀၀-၂၀၀၁ခုနှစ်တွင် မြို့နယ်ဆု၊ ၂၀၀၁-၂၀၀၂ခုနှစ်တွင် နှောကန်ကျေးရွာမှ တောင်သူဦးကြည်အောင်က တောင်သူဆု၊ ၂၀၀၂-၂၀၀၃ခုနှစ်တွင် ကံတွင်းရွာမှ ဦးစိုးအောင်က တောင်သူဆု၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် နှောကန်ရွာမှ ဦးမြင့်ဆွေက တောင်သူဆု၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် မြို့နယ်ဆု၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ကံတွင်းရွာမှ ဦးဇော်မင်းက တောင်သူဆု၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် မုံပင်ရွာမှ ဦးမျိုးအောင်က တောင်သူဆုနှင့် ယခု ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကျောက်တန်းရွာမှ ဦးမိတ်ကျော်က ပဲစင်းငုံတစ်ဧက ၃၆ဒသမ ၁၇ရာခိုင်နှုန်းဖြင့် ၁၄၈၃တင်း ထွက်ရှိသဖြင့် တောင်သူဆု ဆွတ်ခူးရရှိခဲ့ကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာဆု ၁၂နှစ်လုံးလုံး ဆက်တိုက်ဆုရရှိခဲ့သဖြင့် ထူးခြားရှားပါးသည့် မလှိုင်မြို့နယ်ပင်ဖြစ်သည်။

ငွေချည်(၆)ဝါစိုက်ခင်း

မန္တလေးတိုင်း မလှိုင်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော ငွေချည် (၆) ဝါစိုက်ခင်း....။ (မြန်မာ့အလင်း)

အထွက်နှုန်း

မြို့နယ်အတွင်း စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးအောင်မြင်ရေးအတွက် မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေ ဦးဆောင်၍ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီနှင့် ပူးပေါင်းပြီး အမြဲမပြတ်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။ မိုးစပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးအောင်မြင်ရေးအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဓိက စီမံဆောင်ရွက်မှုဖြင့် တိုးပွားမန်းကုမ္ပဏီက မလှိုင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား သီးနှံပေါ်ပေး အကြွေးစနစ်ဖြင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၇၅၀၊ ယူရီးယားဓာတ်မြေဩဇာအိတ် ၃၉၀၀နှင့် ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၃၃၀၀ကို သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများအား အကြွေးပေးခဲ့ရာ မိုးစပါးအပြင် ပိုလျှံသော ဓာတ်မြေဩဇာအိတ်များကို အခြားသီးနှံများဖြစ်သော ကြက်သွန်နှင့် ပဲမျိုးစုံ စိုက်ပျိုးသည့် တောင်သူများအား ဖြန့်ဝေပေးသဖြင့် ယခုကဲ့သို့ အထွက်နှုန်း တိုးတက်အောင်မြင်ခြင်းဖြစ်ကြောင်း မြို့နယ်ဥက္ကဋ္ဌက ရှင်းပြသည်။

မလှိုင်မြို့နယ် မိုးစပါးနှင့် ပဲမျိုးစုံစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုနှင့်ပတ်သက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

မလှိုင်မြို့နယ်မှ ပဲမျိုးစုံစိုက်ပျိုးခဲ့ရာ ပဲစင်းငုံ ဧက ၉၂၇၀၀ လျာထားရာ ၉၃၀၄၄ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ပဲတီစိမ်းကိုလည်း ၄၈၇၈ဧက လျာထားခဲ့ရာ ၄၉၆၃ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ထိုနည်းတူ ပဲနောက်ကိုလည်း ဧက ၂၁၃၀၀ လျာထားရာ ၂၂၇၂၃ဧက စိုက်ပျိုးနိုင်ခဲ့သည်။ အခြားပဲများကိုလည်း ဧက ၅၄၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၅၄၂၈ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ပဲမျိုးစုံကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ငွေချည်(၆)ဝါကိုလည်း မိုးဝါကို ဧက ၂၁၀၀ လျာထားခဲ့ရာ ၂၁၅၃ဧက စိုက်ပျိုးနိုင်ခဲ့သည်။ မိုးနှောင်းဝါကိုမူ ၁၃၁၉၉ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၃၁၅၂ဧက စိုက်ပျိုးနိုင်ခဲ့သည်။ မလှိုင်ဝါကိုမူ ဧက ၁၉၄၁၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၉၇၁၉ဧကအထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ ထိုနည်းတူ နှမ်းကိုလည်း ဧက ၁၂၆၄၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ တကယ်စိုက်သောအခါတွင် ဧက ၁၂၇၆၀၀အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ မိုးနှမ်းကိုလည်း ဧက ၁၂၄၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၂၇၅၆၇ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ဆောင်းနှမ်းကို ဧက ၁၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၀၃ဧက စိုက်ပျိုးနိုင်ခဲ့သည်။ မြေပဲနှင့် နေကြာကိုလည်း လျာထားချက်ထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

မိုးစပါး

မိုးစပါးကိုလည်း မျိုးကောင်း မျိုးသန့်ဖြစ်သော ဆင်းနွယ်ရင်၊ ရွှေမြန်မာ၊ ဆင်းသွယ်လတ်၊ ယာ-၈၊ မနောသုခ၊ ရေဆင်းလုံးသွယ်၊ ထွန်းသီရိစသော စပါးများကို ၈၇၉၇ဧက စိုက်ပျိုးနိုင်ခဲ့သည်။

မိုးစပါး စိုက်ပျိုးနိုင်ရေးအတွက် မလှိုင်မြို့နယ်အတွင်းရှိ ဇီးကုန်းဆည်၊ ဖက်ကုန်းကူနီတူးမြောင်း၊ ကန်နီဆည်၊ မုရင်းကန်၊ ချင်းလျှားဝက်ကြီးသေကန်၊ ကုန်းကြီးကန်၊ ကျင်းသာဆည်၊ ပုန်းမကြည်ဆည်၊ ကုန်းတဲဆည်တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဆည်မြောင်းဌာနနှင့် ကျေးလက်ပြည်သူများက ဆည်များ၊ ကန်များကို တူးမြောင်းတူးဖော်ခြင်း၊ ကန်ပြုပြင်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သင်ပုန်းဆည်ကို အလျားပေ ၁၀၂၀၀ကို ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်ပြည်သူများက ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် တူးဖော်ခဲ့ရာ ဧက ၂၀၀ ပိုမိုစိုက်ပျိုးရန် ရေပေးဝေနိုင်ခဲ့ပေပြီ။

ဝါထွက်ရှိ

မလှိုင်မြို့နယ်မှ ငွေချည် (၆)ဝါကို ၁၅၃၀၅ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ ဝါများအောင်မြင်စွာ ထွက်ရှိနေသည်။ ငွေချည် (၆) ဝါတစ်ဧက ပိဿာ ၃၅၀ထွက်မည်ဟု ခန့်မှန်းထားသည်။ တစ်ဧက ပိဿာ ၃၅၀ ထွက်ရှိပါက ဝါပိဿာ သိန်း၅၀ကျော် ထွက်ရှိမည်ဖြစ်သည်။ ငွေချည် (၆)ဝါ စိုက်ပျိုးမည့်တောင်သူများကို မလှိုင်မြို့နယ် ဝါနှင့် ပိုးချည်လုပ်ငန်းဌာနက အကျိုးတူပူးပေါင်းစနစ်ဖြင့် တောင်သူ ၁၈၉ဦးတို့အား ဝါဧက ၂၇၅ဧက စိုက်ပျိုးရန် ဝါမျိုးစေ့နှင့် ပိုးသတ်ဆေးများထုတ်ပေးခဲ့သည်။ ယခု ဝါထွက်ချိန်တွင် ဝါနှင့်ပိုးချည်လုပ်ငန်းက အကျိုးတူ ဝါတောင်သူများထံမှ တစ်ဧက ၂၂၅ပိဿာနှုန်းဖြင့် ဝါများ ပြန်လည်ဝယ်ယူခဲ့ရာ ဝါပိဿာချိန် ၅၃၄၆ပိဿာ ဝယ်ယူရရှိနေပေပြီ။

ထုတ်လုပ်တင်ပို့လာ

ငွေချည်(၆)ဝါများကို မလှိုင်မြို့အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝါစက်ရုံကလည်း ဝယ်ယူနေသည်။ မလှိုင်ဝါစက်ရုံမှူး ဦးဇော်မျိုးအောင်က ငွေချည် (၆)ဝါကို တောင်သူများထံမှ ဝါဒိုင်ဈေး ဝါအမျိုးအစားလိုက်၍ တစ်ပိဿာ ကျပ် ၁၀၀၀၊ ကျပ် ၉၀၀၊ ကျပ် ၈၀၀ဈေးနှုန်းဖြင့် ဝယ်ယူခဲ့ရာ ဝါပိဿာ ၃၈၂၀ ဝယ်ယူရရှိပြီး ဖြစ်သည်ဆို၏။ ဝယ်ယူရရှိပြီးဝါများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရန် ဝါကောင်းဝါသန့်များအဖြစ် ရွေးငါးရွေးစနစ်ဖြစ်သော ဝါဒိုင်မှာရွေး၊ ဂိုဒေါင်မှာရွေး၊ ဝါစက်ရုံမှာရွေး၊ စက်ကျဂွမ်းရွေး၊ ဘေထုပ်စက်ရုံမှာရွေး အဆင့်ဆင့်ကြွယ်၊ အမှိုက်၊ အရောင်ပျက်ဝါများ မပါရန် စိစစ်ပြီး နိုင်ငံခြားအဆင့်မီ ဘေထုပ်များ ထုပ်ပိုးထားသည်။ မလှိုင်မြို့နယ် ဝါစက်ရုံမှ ပြည်ပပို့ကုန်အဖြစ် ဝါတန်ချိန် ၄၀၀၀ကျော် ထုတ်လုပ်တင်ပို့ရမည် ဖြစ်သည်။

အကျိုးအမြတ်

မလှိုင်မြို့နယ်မှ ယခုနှစ် စိုက်ပျိုးထားသည့် နှမ်း၊ မြေပဲ၊ နေကြာ၊ စပါး၊ ပဲစင်းငုံနှင့် ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်နေသည့်အတွက် ထိုသီးနှံများကို ၂၀၀၉-၂၀၁၀ခုနှစ်တွင် ဧကတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကား ကြားသိရသည်။ ယခုနှစ် စိုက်ပျိုးထားသည့် သီးနှံများထဲတွင် ပဲစင်းငုံမှာ တစ်တင်း ကျပ် ၄၀၀၀၀အထိ ဈေးရရှိသဖြင့် တောင်သူများမှာ အကျိုးအမြတ်များစွာ ရရှိနေသည်။ ထိုနည်းတူ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ငွေချည် (၆)ဝါတို့မှာလည်း ဈေးကောင်းရသဖြင့် တောင်သူများက စိုက်ရကျိုးနပ်ပြီး အကျိုးအမြတ်များ ရရှိသဖြင့် ဝမ်းသာပျော်ရွှင်နေကြပေပြီ။

ဖြစ်ထွန်းအောင်မြင်

မလှိုင်မြို့နယ်တွင် လယ်ယာသီးနှံ အထွက်ကောင်းစေရန်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စိုက်ကြပ်အဖွဲ့တို့က အမြဲမပြတ် ကွင်းဆင်းဆောင်ရွက်နေသဖြင့် ဖြစ်ထွန်းအောင်မြင်နေခြင်း ဖြစ်သည်။ ထို့အပြင် မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်လိုလားချက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မလှိုင်မြို့နယ်သည် ပဲမျိုးစုံနှင့် ငွေချည် (၆)ဝါများအတွက် အကောင်းဆုံး စံပြမြို့နယ်ဖြစ်ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မလှိုင်မြို့နယ် ဝါစက်ရုံမှ ဝယ်ယူထားသော ငွေချည် (၆)ဝါများကို ဝါကောင်းဝါသန့် ရွေးချယ်နေကြသည်မှာ....။ (မြန်မာ့အလင်း)

ယခုနှစ် စိုက်ပျိုးထားသည့် သီးနှံများထဲတွင် ပဲစင်းငုံမှာ တစ်တင်း ကျပ် ၄၀၀၀၀အထိ ဈေးရရှိသဖြင့် တောင်သူများမှာ အကျိုးအမြတ်များစွာ ရရှိ။ ထိုနည်းတူ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ငွေချည်(၆) ဝါတို့မှာလည်း ဈေးကောင်းရသဖြင့် တောင်သူများက စိုက်ရကျိုးနပ်ပြီး အကျိုးအမြတ်များ ရရှိ။

ဝါဘေထုပ်များ

မလှိုင်မြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝါစက်ရုံမှ ပြည်ပသို့ တင်ပို့ရန် ဝါဘေထုပ်များကို ဤသို့ သိုလှောင်ထားရှိသည်။ (မြန်မာ့အလင်း)

ပျိုးခဲ့ရာ ပဲစင်းငုံ ဧက ၉၂၇၀၀ လျာထားရာ
ပဲတီစိမ်းကိုလည်း ၄၈၇၈ဧက လျာထားခဲ့ရာ
ထိုနည်းတူ ပဲနောက်ကိုလည်း ဧက ၂၁၃၀၀
ပျိုးနိုင်ခဲ့သည်။ အခြားပဲများကိုလည်း ဧက
၅၄၂၈ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ပဲမျိုးစုံကို
နိုင်ခဲ့သည်။
ါကို ဧက ၂၁၀၀ လျာထားခဲ့ရာ ၂၁၅၃ဧက
ကိုမှ ၁၃၁၉၉ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ
မလှိုင်ဝါကိုမူ ဧက ၁၉၄၁၀ စိုက်ပျိုးရန်
ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ ထိုနည်းတူ နှမ်းကို
ရန် လျာထားခဲ့ရာ တကယ်စိုက်သောအခါ
စိုက်ပျိုးနိုင်ခဲ့သည်။ မိုးနှမ်းကိုလည်း ဧက
ခဲ့ရာ ၁၂၇၅၆၇ဧက စိုက်ပျိုးနိုင်ခဲ့သည်။
ပျိုးရန် လျာထားခဲ့ရာ ၁၀၃ဧက စိုက်ပျိုးနိုင်ခဲ့
င်း လျာထားချက်ထက် တိုးချဲ့စိုက်ပျိုးနိုင်

မိုးစပါး

င်း မျိုးသန့်ဖြစ်သော ဆင်းနွယ်ရင်၊ ရွှေ
၊ မနောသုခ၊ ရေဆင်းလုံးသွယ်၊ ထွန်းသီရိ
ဧက စိုက်ပျိုးနိုင်ခဲ့သည်။
တွက် မလှိုင်မြို့နယ်အတွင်းရှိ ဇီးကုန်းဆည်၊
ည်၊ မုရင်းကန်၊ ချင်းလျှားဝက်ကြီးသေကန်၊
ည်၊ ပုန်းမကြည်ဆည်၊ ကုန်းတဲဆည်တို့ကို
ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဆည်
များက ဆည်များ၊ ကန်များကို တူးမြောင်း
လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြ
ရေးအတွက် သင်ပုန်းဆည်ကို အလျားပေ
က် ကျေးလက်ပြည်သူများက ကိုယ့်အား
ရာ ဧက ၂၀၀ ပိုမိုစိုက်ပျိုးရန် ရေပေးဝေနိုင်

ဝါထွက်ရှိ

(၆)ဝါကို ၁၅၃၀၅ဧက စိုက်ပျိုးနိုင်ခဲ့သည်။
ထွက်ရှိနေသည်။ ငွေချည် (၆) ဝါတစ်ဧက
န်းထားသည်။ တစ်ဧက ပိဿာ ၃၅၀
၀ကျော် ထွက်ရှိမည်ဖြစ်သည်။ ငွေချည်
ကို မလှိုင်မြို့နယ် ဝါနှင့် ပိုးချည်လုပ်ငန်း
ဖြင့် တောင်သူ ၁၈၉ဦးတို့အား ဝါဧက
စ်နှင့် ပိုးသတ်ဆေးများထုတ်ပေးခဲ့သည်။
ည်လုပ်ငန်းက အကျိုးတူ ဝါတောင်သူများ
င့် ဝါများ ပြန်လည်ဝယ်ယူခဲ့ရာ ဝါပိဿာ
နပေပြီ။

လုပ်တင်ပို့လာ

င်မြို့အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝါစက်ရုံ
မလှိုင်ဝါစက်ရုံမှူး ဦးဇော်မျိုးအောင်က
းထံမှ ဝါဒိုင်ဈေး ဝါအမျိုးအစားလိုက်၍
၄၀၀၊ ကျပ် ၈၀၀ဈေးနှုန်းဖြင့် ဝယ်ယူခဲ့ရာ
ဖြစ်သည်ဆို၏။ ဝယ်ယူရရှိပြီးဝါများကို
ဝါကောင်းဝါသန့်များအဖြစ် ရွေးငါးရွေး
ဒေါင်မှာရွေး၊ ဝါစက်ရုံမှာရွေး၊ စက်ကျ
အဆင့်ဆင့်ကြွယ်၊ အမှိုက်၊ အရောင်ပျက်
ားအဆင့်မီ ဘေထုပ်များ ထုပ်ပိုးထားသည်။
ပို့ကုန်အဖြစ် ဝါတန်ချိန် ၄၀၀၀ကျော်
ည်။

ကျိုးအမြတ်

နှစ် စိုက်ပျိုးထားသည့် နှမ်း၊ မြေပဲ၊
မ်းများ ဖြစ်ထွန်းအောင်မြင်နေသည့်အတွက်
ခုနှစ်တွင် ဧကတိုးချဲ့စိုက်ပျိုးရန် စီစဉ်
င်းစကား ကြားသိရသည်။ ယခုနှစ် စိုက်ပျိုး
င်မှာ တစ်တင်း ကျပ် ၄၀၀၀၀အထိ ဈေးရရှိ
းအမြတ်များစွာ ရရှိနေသည်။ ထိုနည်းတူ
ပဲတီစိမ်းနှင့် ငွေချည် (၆)ဝါတို့မှာလည်း
ားက စိုက်ရကျိုးနပ်ပြီး အကျိုးအမြတ်များ
ကြပေပြီ။

ထွန်းအောင်မြင်

ယာသီးနှံ အထွက်ကောင်းစေရန်အတွက်
ဖွံ့ဖြိုးရေးကောင်စီ၊ စိုက်ပျိုးရေး၊
က အမြဲမပြတ် ကွင်းဆင်းဆောင်ရွက်နေ
င်း ဖြစ်သည်။ ထို့အပြင် မလှိုင်မြို့နယ်
ရေးကောင်စီသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်
ိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်
နယ်သည် ပဲမျိုးစုံနှင့် ငွေချည် (၆)ဝါများ
ယ်ဖြစ်ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်
(မြန်မာ့အလင်း)

ဘေထုပ်များ

က်မှုဝန်ကြီးဌာန ဝါစက်ရုံမှ ပြည်ပသို့
ို့ သိုလှောင်ထားရှိသည်။ (မြန်မာ့အလင်း)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးမှတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ တရုတ်အမျိုးသားများက နှစ်နိုင်ငံ၏အလံများ ဝှေ့ယမ်းကြ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်လံရှင်းလင်းပြ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့လိုက်ပါလျက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်က ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုး၍ ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက် ထွက်ခွာကြရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မသန်စွမ်းသူများအတွက် အခမဲ့ ကွန်ပျူတာသင်တန်း ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးစီမံချက်အရ မသန်စွမ်းလူငယ်များအား ကွန်ပျူတာသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပဉ္စမအကြိမ်မြောက်သင်တန်းကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

လျှောက်ထားနိုင်

ယင်းသင်တန်းသို့ တက်ရောက်လိုသူ မသန်စွမ်း လူငယ်များသည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးခန်းအမှတ် (၇၉၇) အခန်း ၁၀၄-ဘီ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်)၊ မြန်မာ့အလုတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၀၉-၅၁-၀၃၇၂၅နှင့် ၀၉-၅၀-၄၂၆၂၁ တို့သို့ ဒီဇင်ဘာ ၂၄ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းနိုင်ကြောင်းနှင့် အထောက်အကူပြုပစ္စည်းရလိုသူများအနေဖြင့်လည်း အဆိုပါ ရုံးခန်းသို့ လာရောက် လျှောက်ထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောင်းပေါင်းစုံ စကားဝိုင်းဆွေးနွေးပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ် (အလွတ်တန်း) ပြိုင်ပွဲဆုချီးမြှင့်

မော်လမြိုင် ဒီဇင်ဘာ ၂၀

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ စကားဝိုင်းဆွေးနွေးခြင်းပြိုင်ပွဲ ဆုပေးပွဲနှင့် စားပွဲတင်တင်းနစ် (အလွတ်တန်း) ပြိုင်ပွဲဆုရရှိသူများအား ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းက အမှာစကား ပြောကြားသည်။

စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ခေတ္တ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ

ရဲမှူးကြီးရွှေအေးတို့က စားပွဲတင်တင်းနစ် အမျိုးသားတစ်ဦးချင်းဆုနှင့် အမျိုးသား နှစ်ယောက်တွဲဆုများကို ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆုများချီးမြှင့်ပေးအပ်

ဆက်လက်၍ ကျောင်းပေါင်းစုံ စကားဝိုင်းဆွေးနွေးခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ ပထမဆုကို ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုကို အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် တတိယဆုကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့ကို သက်ဆိုင်ရာမှ ဆုများ အသီးသီး ချီးမြှင့်ပေးအပ်သည်။

(သတင်းစဉ်)

စာနယ်ဇင်းပညာသင်တန်း(၃/၂၀၀၉) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်းပညာသင်တန်း (၃/၂၀၀၉)ဆင်းပွဲနှင့် မွမ်းမံသင်တန်း ၂၀၀၉သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၆ရက် ညနေပိုင်းက ရန်ကုန်မြို့ စင်ထရယ် ဟိုတယ် ဧည့်ခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)တို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းဆင်းလက်မှတ်များ၊ ရက်ပျက်မရှိဆု၊ သင်တန်းသားထူးချွန်ဆု၊ သင်တန်းသား သတင်းစာဆုများကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များက ပေးအပ်ချီးမြှင့်ကြသည်။

စာနယ်ဇင်းပညာသင်တန်း (၃/၂၀၀၉)၌ သင်တန်းသား ၄၅ဦး တက်ရောက်ခဲ့ရာတွင် အုပ်စုလေးခုခွဲ၍ ပြည့်တံခွန်၊ သတင်းကောင်းကင်၊ ပြည်သူ့အသံ၊ မြန်မာ့ရှေ့ဆောင်စသည်ဖြင့် သင်တန်းသား သတင်းစာများ ထုတ်ဝေခဲ့ကြကြောင်း၊ အကောင်းဆုံးသတင်းစာ ပထမဆုကို သတင်းကောင်းကင်သတင်းစာကလည်းကောင်း၊ ဒုတိယဆုကို မြန်မာ့ရှေ့ဆောင်သတင်းစာကလည်းကောင်း၊ တတိယဆုကို ပြည့်တံခွန်သတင်းစာကလည်းကောင်း၊ စတုတ္ထဆုနှင့် အသန့်ရှင်းဆုံးဆုကို ပြည်သူ့အသံသတင်းစာကလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။

ဖွင့်လှစ်ခဲ့

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ယခုနှစ် ၂၀၀၉ခုနှစ်အတွင်း စာနယ်ဇင်း အတတ်ပညာသင်တန်း သုံးကြိမ်၊ မွမ်းမံသင်တန်း တစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ လာရောက်ပို့ချခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်းပညာသင်တန်း(၃/၂၀၀၉) ဆင်းပွဲတွင် သင်တန်းသား ဒုတိယဆုရ မြန်မာ့ရှေ့ဆောင်သတင်းစာအဖွဲ့သားများအား ဆုယူအပြီး တွေ့ရစဉ်။
(သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ထွက်နေပြီ

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာပို့စ်ဂျာနယ် အတွဲ ၁၊ အမှတ် ၂၅ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ဂျာနယ်တွင် ဟိုတယ်၊ မိုတယ်၊ အင်းနှင့် အိမ်များ ဆောက်လုပ်ရာတွင် ဗိသုကာပညာရှင်များ၏ ကျွမ်းကျင်မှု အရေးပါပုံ၊ မကျွမ်းကျင်သူကို ယုံကြည် အားကိုးမိ၍ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပုံတို့ကို စူးစမ်းမေးမြန်း တင်ပြထားသည့် ဟိုတယ်၊ မိုတယ်၊ အင်းနှင့်အိမ်များ ဆောက်လျှင် ဗိသုကာအရေးကြီး မျက်နှာဖုံးသတင်းဆောင်းပါး၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ထွန်းကားလာသော တိုင်းရင်းဆေးလောကကို ဖော်ညွှန်းထားသည့် "အော်လ်တာနေးတစ် ဆေးပညာကိုလည်း မမေ့ပါနှင့်" သတင်းဆောင်းပါး၊ ကိုပင်ဟေဂင် ကမ္ဘာ့ရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲ ပါဝင်တက်ရောက်လျက်ရှိသူ မခင်ခင်မြတ်သူလှိုင်ထံမှ ကိုပင်ဟေဂင်ကိုယ်တွေ့ အတွေ့အကြုံ "ကိုပင်ဟေဂင်မှာကျတဲ့မျက်ရည်" သတင်းဆောင်းပါး၊ သီချင်းရေးဆရာများ၏ သီချင်း၊ တေးစာသားနှင့် သံစဉ်များအား စီးပွားရေးအသွင်ဆောင်သော ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်မည်ဆိုလျှင် တေးရေးဆရာများ၏ ခွင့်ပြုချက်ရယူရန် မောင်သစ်မင်းနှင့် မြင့်မိုးအောင်တို့၏ ကိုယ်တိုင်ရှင်းပြချက်များနှင့်အတူ တေးရေးဆရာများ ပူးပေါင်းဖွဲ့စည်းသော ကုမ္ပဏီတည်ထောင်၊ လှိုင်သာယာတွင် ကြက်ဘဲဈေးသစ်ကြီးဖွင့်လှစ်၊ အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ကြေညာထားသည့် အဆောက်အအုံများတွင် ဆက်လက်နေထိုင်ခွင့်မပြု။ JICA မှ ရန်ကုန်ဆိပ်ကမ်း ပြန်လည်ထူထောင်ရေး အရေးပေါ်စီမံကိန်း အဆင့် ၂ စတင်ဖွင့်လှစ်၊ ပြည်ပလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းစသည့် လေ့လာဖတ်ရှုရမည့် သတင်းများကို စုံစုံလင်လင် ဖော်ပြထားသည်။

ဆရာမောင်ဝံသ၏ ဂျေရှုဆလင်မှ ခေါင်းလောင်းသံ၊ ဦးဝင့်ကျော်၏ သူတို့ဆီက ဘဏ်အကြောင်း ငွေအကြောင်း၊ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)၏ ဆင်းရဲမွဲတေမှုနှင့် စီးပွားရေးပေါ်လစီ၊ ဆရာမောင်စူးစမ်း၏ ထိတွေ့ဆက်ဆံရေးနှင့် ဂိမ်းသစ်စသည့် စိတ်ဝင်စားဖွယ် ဗဟုသုတနှင့် အတွေးအမြင်တိုးတက်စေမည့် ဆောင်းပါးစသည့် ကဏ္ဍများစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၇မှ

အမြင်ချင်းဖလှယ်

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအတွက် အလေးထားဆောင်ရွက်ဖွယ်ရာ ကဏ္ဍများတွင် ယခုထက် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ကမ္ဘာ့ရာသီဉတု ပြောင်းလဲမှုအခြေအနေအပေါ် နှစ်နိုင်ငံရပ်တည်ချက် သဘောထားများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် နှစ်နိုင်ငံတာဝန်ရှိသူများက စီးပွားရေးနှင့်ကုန်သွယ်ရေး၊ ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စက်ပစ္စည်းကိရိယာဝယ်ယူရေး စသည့် သဘောတူညီချက်(၅)ခု၊ ဘဏ္ဍာရေးဆိုင်ရာ သဘောတူညီချက်(၇)ခု၊ ရေအားလျှပ်စစ်ဆိုင်ရာ သဘောတူညီချက် (၃)ခု၊ စွမ်းအင်ကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သဘောတူညီချက် (၁)ခု စုစုပေါင်း နားလည်မှု စာချွန်လွှာနှင့် သဘောတူညီချက် (၁၆)ခုကို လက်မှတ်ရေးထိုးကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ခန်းမအတွင်းပြသထားသည့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သို့ သွယ်တန်းမည့် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးစီမံကိန်း (မြန်မာနိုင်ငံအပိုင်း) ပုံစံငယ်ကို ကြည့်ရှုကြရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ Vice General Manager Mr. Liao Yongyuan က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ပုံစံငယ်ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးစီမံကိန်း (မြန်မာနိုင်ငံအပိုင်း) ပုံစံငယ်ကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန် - သွင်းကုန်ဘဏ်ဥက္ကဋ္ဌနှင့် အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ် (China Exim Bank) ဥက္ကဋ္ဌ H.E.Mr.Li Ruogu နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၉ရက် ညနေ ၅နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ အပြန်အလှန် ကူညီဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ရေစကြိုမြို့နယ် အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

မကွေးတိုင်း ရေစကြိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားသစ် ကျောင်းသားဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

သက်ပြည့်ပင်စင်ရ ကန်တော့ခံဆရာကြီး ဆရာမကြီးများအတွက် ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ လှူဒါန်းလိုပါက (ရန်ကုန်မြို့) ဦးမျိုးဆင့် ရှင်မတောင်စာပေ ဖုန်း-၃၈၆၆၁၇၊ ၀၉-၉၉-၇၂၂၂၁၊ (မန္တလေးမြို့) ဦးခင်မောင်ရင် ဖုန်း-၀၉-၆၈-၀၂၃၃၁၊ ဦးသိန်းဆန်းကြည် ဖုန်း-၀၉-၂၀-၁၉၉၈၆၊ (မြင်းခြံ) ဦးကျော်နိုင်မြင့် ဖုန်း-၀၆၆-၂၂၇၉၄၊ (တောင်ငူမြို့) ဦးလရောင် ဖုန်း-၀၅၄-၀၈၂၀၉၊ (ပခုက္ကူမြို့) ဦးဇော်မြင့် ဖုန်း-၀၉-၂၃-၀၀၈၈၃၊ ဦးအေးကို ဖုန်း-၀၉-၂၃-၀၁၆၈၄၊ ဦးစိန်လွင် ဖုန်း-၀၉-၂၃-၀၁၆၇၈၊ ဦးဘိုဝင်း ဖုန်း-၀၉-၂၃-၀၁၄၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

ချယ်လ်ဆီးတို့ သရေပွဲနှင့်ကြုံတွေ့ ဂူလ်ဟာဟမ်တန် ဘန်လေကိုအနိုင်ရ

လန်ဒန် ဒီဇင်ဘာ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၁၈) ဘောလုံးပြိုင်ပွဲ လက်ကျန်ပွဲများကို ဒီဇင်ဘာ ၂၀ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းက ထိပ်သီး ချယ်လ်ဆီးကို အိမ်ကွင်း၌ ခြိမ်းခြောက်ကစားနိုင်ခဲ့၍ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ရသည်။

ဝက်စ်ဟမ်းကစားသမားများ လျင်လျင်မြန်မြန် ထိုးဖောက်ကစားနိုင်မှုကြောင့် ချယ်လ်ဆီး တိုက်စစ်မှူးများ ပထမပိုင်းတွင် ဂိုးသွင်းခွင့်များ အကြိမ်ကြိမ် လွဲချော်ခဲ့ရသည်။ ဝက်စ်ဟမ်းတို့ အိမ်ကွင်းပရိသတ်အရှိန်ဖြင့် မာမာတင်းတင်း တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ပွဲချိန် ၄၃မိနစ်တွင် ဝက်စ်ဟမ်းကစားသမား ဂျက်ကိုလီဆင် ချယ်လ်ဆီးဂိုးဧရိယာအတွင်း ဘောလုံးဆွဲပြေးစဉ် အက်ရှ်လေကိုးလ် ကြမ်းတမ်းစွာကစားခဲ့၍ ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့သည်။ ယင်းပယ်နယ်တီကို ဒီယာမန်တီ ကန်သွင်းခဲ့ရာ ချယ်လ်ဆီးဂိုးသမား ကာကွယ်နိုင်စွမ်း မရှိဘဲ ဂိုးပေးလိုက်ရသည်။

ချယ်လ်ဆီးကစားသမား ဂျိုကိုးလ်က ဝက်စ်ဟမ်းကစားသမား နှစ်ဦးကြားမှ ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်)

ဒုတိယပိုင်း

ချယ်လ်ဆီးတို့ ချေပဂိုးသွင်းယူနိုင်ရေးအကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၅၉မိနစ်တွင် အပ်ဆွန်က ချယ်လ်ဆီးကစားသမား စတာရစ်ဂျ်အား ဝက်စ်ဟမ်းဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာကစားခဲ့၍ ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ်က သွင်းယူခဲ့သည်။ ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသော်လည်း သရေပွဲဖြင့်သာ ပွဲသိမ်းခဲ့သည်။

စောစောပိုင်း

စောစောပိုင်းက အဲဗာတန်နှင့် ဘာမင်ဂမ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ဂူလ်ဗာဟမ်တန်က ဘန်လေကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်၍ အောက်ဆုံးသုံးသင်းမှ လွတ်မြောက်သွားခဲ့သည်။ ။ **(အင်တာနက်)**

အာကာကျော်-စုစည်းသည်

မော်လမြိုင်ကောလိပ်၊ တက္ကသိုလ် သချာၤကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

မော်လမြိုင်ကောလိပ်၊ တက္ကသိုလ် သချာၤဌာနတွင် (၁၉၇၅-၇၉)ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများမှ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ၌ မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်း ကောလိပ် ဓမ္မာရုံ ကမာရွတ်မြို့နယ်၌ ကျင်းပရန် စီစဉ်ထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးတင်ကြူ ဖုန်း-၂၂၄၄၇၈၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၀၉၄၄၁၊ ဦးစိုးဦး ဖုန်း-၀၅၄-၄၀၀၈၅၊ ဒေါ်သန်းသန်းနွယ် ဖုန်း-၀၉-၅၀-၁၉၇၃၆၊ ဒေါ်အေးမော် ဖုန်း-၀၉-၅၀-၀၃၁၃၇နှင့် ဒေါ်မြဝင်း ဖုန်း-၅၂၄၄၅၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပြိုင်ပွဲဆက်

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ တပ်မတော်(ရေ)အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ ဆုနှင်းသဘင်အခမ်းအနား တက်ရောက်ရန် နှိုးဆော်

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်း အနားကို ဒီဇင်ဘာ ၃၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ ကြီး၌ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၃၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါ အစည်းအဝေးခန်းမ၌ပင် အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန်ဖြစ်သည်။

နယ်မှဆုရရှိသူများသည် နေပြည်တော်သို့ တိုက်ရိုက်လာပါက နေပြည်တော်ဘူတာရုံကြီး၊ လေဆိပ်နှင့် ကားဂိတ်များတွင် ကြိုဆိုရေးအဖွဲ့များနှင့် ဆက်သွယ်ကြရန်ဖြစ်ပြီး သတင်းပို့ မေးမြန်းလိုပါက နေပြည်တော် ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၃၇၄နှင့် ၄၁၂၃၇၅တို့သို့ လည်းကောင်း၊ ရန်ကုန်မှ လိုက်ပါကြမည့် စာပေပညာရှင်များနှင့် ဆုရရှိသူများသည် စာပေဗိမာန်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဖုန်း-၀၁-၃၈၁၄၄၈၊ စာတည်းမှူး ဖုန်း- ၀၁-၂၄၉၂၃၀နှင့် ဌာနခွဲမှူး(စီမံ) တာဝန်ခံ ဖုန်း-၀၁-၃၇၆၅၆၉ တို့သို့ ခရီးစဉ်နှင့် ပတ်သက်၍ အမြန်ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

မိမိအစီအစဉ်နှင့် လာရောက်ကြမည့်သူများအပါအဝင် ဆုရသူများအားလုံးသည် ဒီဇင်ဘာ၂၉ရက် (အင်္ဂါနေ့) ညနေ နောက်ဆုံးထား၍ အမှတ်(၇)တည်းခိုရေးစခန်း ရွာတော် နေပြည်တော်သို့ အရောက်လာကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

နောက်တန်းတောင့်တင်းအောင် အမြန်ဆုံးလုပ်ဆောင်ရမယ် — ဖာဂူဆန်
ဒီပွဲမှာ ကျွန်တော်တို့ အနိုင်ကစားသင့်ပါတယ် — ဘင်နီတက်ဇ်

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၂၀

ပရီမီယာလိဂ် ပွဲစဉ်(၁၈)ကို ဒီဇင်ဘာ ၁၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူနဲ့ လီဗာပူးတို့ မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရပြီး အာဆင်နယ်ကတော့ အိမ်ကွင်းမှာ အောင်ပွဲပြန်ရခဲ့တာမို့ မျက်နှာပန်းလှခဲ့ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၁၈)မှာ ထိပ်တန်းအသင်းတွေရဲ့ နည်းပြတွေက ပြိုင်ပွဲအပြီး ပြောစကားတွေကို ဖော်ပြရင်-

မန်ယူနည်းပြ ဖာဂူဆန်

"ဒီပွဲရှုံးလိမ့်မယ်လို့ မျှော်လင့်မထားခဲ့တာ အမှန်ပါပဲ။ အခုလို ဂိုးပြတ်ရှုံးတာကလည်း မဖြစ်သင့်တဲ့ ရလဒ်ပါ။ ဒီပွဲက ကျွန်တော်တို့အသင်းရဲ့ ခံစစ်အခြေအနေကို ဖော်ပြလိုက်သလိုပါပဲ။ နောက်တန်းတောင့်တင်းအောင် အမြန်ဆုံးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒဏ်ရာရနေတဲ့ ခံစစ်မှူးတွေ မြန်မြန်ပြန်ကစားနိုင်အောင် ဆေးအဖွဲ့ကို တိုက်တွန်းရမယ်။ အထူးသဖြင့် ဗဟိုခံစစ်မှူးနေရာ အစားထိုးတာဝန်ပေးဖို့ ခက်နေတယ်။ ဒီပွဲမှာ ကျွန်တော့် ကစားသမားတွေရဲ့ အားထုတ်မှုက သိပ်တော့ အားရစရာမရှိပါဘူး။ ဒါ့အပြင် တတိယဂိုးပေးလိုက်ရတာကလည်း ကွင်းလယ်ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်က သံသယဖြစ်စရာပါပဲ။ ဒီပွဲမှာ ဖူလ်ဟမ်တို့ ကစားသွားတာ ကောင်းပါတယ်။

"ကစားသွားတာအားမရဘူး"
ဖာဂူဆန်။

အထူးသဖြင့် ဖူလ်ဟမ်တို့က ခံစစ်ကိုလုံအောင်ထိန်းပြီး ကစားသွားနိုင်ခဲ့တယ်။ ဒါပေမယ့် ဘောလုံးပြိုင်ပွဲတွေရဲ့ရလဒ်က တစ်သမတ်တည်းသတ်မှတ်လို့ မရတာမို့ ဒီလိုရလဒ်မျိုးကြုံတွေ့ရမှာပါပဲ။ ဒဏ်ရာရကစားသမားတွေ ပြန်ကစားလာနိုင်ရင် ရလဒ်ကောင်းလာမှာပါ"လို့ ဖူလ်ဟမ်ကို သုံးဂိုးပြတ်ရှုံးခဲ့တဲ့ မန်ယူအသင်းရဲ့ နည်းပြကြီး ဖာဂူဆန် ပြောကြားခဲ့ပါတယ်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်

"ပထမပိုင်း ပွဲချိန်အတွင်းမှာ ကျွန်တော့်ကစားသမားတွေ ကောင်းကောင်းကစားနိုင်ခဲ့ပါတယ်။ အမှန်အတိုင်းပြောရရင် ကစားကွက်ကို ကျွန်တော်တို့ စီးထားနိုင်ခဲ့တာပါ။ ဒါပေမယ့် အချို့သေချာပေါက်ဂိုးသွင်းခွင့် အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတာကတော့ နစ်နာမှုဖြစ်ခဲ့ရတယ်။ ဒီပွဲမှာ ကွင်းလယ်ဒိုင်လူကြီးရဲ့ ကိုင်တွယ်မှုအပေါ် ဘာမှပြောစရာ မရှိပါဘူး။ မျှမျှတတ ဆောင်ရွက်ခဲ့တာမို့ ကျေနပ်စရာပါ။ ဒါပေမယ့် ဒီပွဲမှာ ကျွန်တော်တို့ အနိုင်ကစားသင့်တာကတော့ အမှန်ပါပဲ"ဟု ပို့စ်မောက်ကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်က ပြောကြားခဲ့ပါတယ်။

"အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတယ်"
ဘင်နီတက်ဇ်။

ပို့စ်မောက်နည်းပြ ဂရန့်။

ပို့စ်မောက်နည်းပြ ဂရန့်

"နိုင်ပွဲနဲ့ထိုက်တန်တဲ့ ခြေစွမ်းရှိတယ်ဆိုတဲ့အသင်းအဖြစ် ကစားနိုင်ခဲ့တဲ့ပွဲဖြစ်ပါတယ်။ ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တာမို့ ကျေနပ်ပါတယ်။ ကျွန်တော်ကိုင်တွယ်တဲ့အသင်း အခုလို ထိပ်တန်းအသင်းတစ်သင်းကို အနိုင်ယူကစားနိုင်ခဲ့တာဟာ ကျေနပ်စရာပါပဲ။ နောက်ပြီး ပရိသတ်တွေ မမျှော်လင့်ထားတဲ့ရလဒ်ကို ရယူပေးနိုင်တာမို့ ပိုပြီးဝမ်းသာပါတယ်။ ဒီပွဲပြီးတော့ ချယ်လ်ဆီးနဲ့ ယှဉ်ပြိုင်ရမယ့်ပွဲအတွက် ပြင်ဆင်မှုတွေ ပြုလုပ်ရဦးမယ်"လို့ လီဗာပူးကို နှစ်ဂိုးပြတ် အနိုင်ယူခဲ့တဲ့ ပို့စ်မောက်နည်းပြ ဂရန့်က ပြောကြားခဲ့ပါတယ်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

"ဒီပွဲက ခက်ခက်ခဲခဲနဲ့ အနိုင်ယူခဲ့ရတဲ့ပွဲပါပဲ။ ဟူးလ်စီးတီးအသင်းဟာ ခြေစွမ်းထက်တဲ့ အသင်းဖြစ်ပြီး အသင်းကြီးတွေကို အနိုင်ကစားနိုင်တာမို့ သတိထား ကစားခဲ့ရတယ်။ အမှန်အတိုင်း ဝန်ခံရရင် ဒီပွဲအနိုင်ရခဲ့တာဟာ ကျွန်တော်တို့ ကံကောင်းတာလည်းပါဝင်တယ်။ ဒီသီတင်းပတ်ကတော့ ကျွန်တော်တို့အသင်း အတော်လေး ရှန်းကန်ခဲ့ရတယ်။ နောက်ပွဲစဉ်တွေလည်း ရလဒ်ကောင်းအောင် ကြိုးစားသွားရမှာပါ" ဟု ဟူးလ်စီးတီးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားသွားပါကြောင်း ။ ။ **ကိုးကား-အင်တာနက်**

"အတော်လေးရှန်းကန်ခဲ့ရတယ်"
အာစင်ဝင်းဂါး။

ကမ္ဘာ့ကလပ်ဖလား ဘောလုံးပြိုင်ပွဲ ဘာစီလိုနာ ချန်ပီယံဆုဖလားဆွတ်ခူး

အာဘူဒါဘီ ဒီဇင်ဘာ ၂၀

ကမ္ဘာ့ကလပ်ဖလားဘောလုံးပြိုင်ပွဲကို အာဘူဒါဘီ၌ ဒီဇင်ဘာ ၁၉ရက်က ကျင်းပခဲ့ရာ စပိန်ကလပ် ဘာစီလိုနာက အာဂျင်တီးနားကလပ် အီစတူဒီယန်တေးစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

အာဂျင်တီးနားကလပ်မှ ပွဲချိန် ၃၉မိနစ်တွင် ဦးဆောင်ဂိုးသွင်း ယူခဲ့သော်လည်း ရိုဒရီဂွက်က ပွဲချိန် ၈၈မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။ ဘာစီလိုနာ အသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး မက်ဆီက အချိန်ပိုတွင် သွင်းယူခဲ့ သည်။ ဘာစီလိုနာတို့ ကမ္ဘာ့ကလပ် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းသည် ယခုနှစ်အတွင်း ခြောက်လုံးမြောက်ဆုဖလားဖြစ်သည်။ **(အင်တာနက်)**

မစ်ဒယ်ဝိတ်တန်းလက်ဝှေ့ချန်ပီယံပြိုင်ပွဲ ပက်ဗလစ် ကာကွယ်ထိုးသတ်

အိုဟိုင်းယိုး ဒီဇင်ဘာ ၂၀

အမေရိကန်လက်ဝှေ့သမား ကယ်လီပက်ဗလစ်သည် ဒီဇင်ဘာ ၁၉ရက်က အမေရိကန်နိုင်ငံ အိုဟိုင်းယိုး၌ ၄င်းနှင့် တစ်နိုင်ငံတည်းသား မီဂဲလ်လယ်အက်စ်ပင်နိုအား ပဉ္စမအချီတွင် အလဲထိုးလိုက်ပြီး ဒဗလျူဘီစီနှင့် ဒဗလျူဘီအို မစ်ဒယ်ဝိတ်တန်းချန်ပီယံဆုများကို ကာကွယ်လိုက်သည်။

ကာကွယ်နိုင်

လက်ဝှေ့ကစားခြင်းမှ ၁၀လကြာ အနားယူပြီး ကြိုးဝိုင်းထဲသို့ ပြန်လည်ရောက်ရှိလာသော ပက်ဗလစ်က မီဂဲလ်အက်စ်ပင်နိုအား အလဲထိုးသတ်နိုင်ခဲ့မှုကြောင့် ၂၀၀၇ခုနှစ်က တေလာအား ထိုးသတ်ပြီး ချန်ပီယံခါးပတ်နှစ်ခု ရယူနိုင်ခဲ့ခြင်းကို ကာကွယ်လိုက်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

မန်စီးတီးနည်းပြ မာ့ခ်ဟျူးနေရာ၌ အင်တာနည်းပြဟောင်း မန်စီနီအား အစားထိုး

လန်ဒန် ဒီဇင်ဘာ ၂၀

မန်စီးတီးက မာ့ခ်ဟျူးအား နည်းပြရာထူးမှ ဖယ်ရှားလိုက်ပြီး ၄င်း၏ နေရာတွင် အင်တာမီလန် နည်းပြဟောင်း ရောဘတ်တို မန်စီနီအား အစားထိုးတာဝန်ပေးလိုက်သည်။

တာဝန်ယူ

အိမ်ကွင်း၌ မန်စီးတီးက ဆန်းဒါးလန်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီးနောက် နှစ်နာရီအကြာ နည်းပြမာ့ခ်ဟျူ ထွက်ခွာသွားပြီ ဖြစ်ကြောင်း သတင်းများပေါ်ထွက်ခဲ့သည်။ ၄င်းသည် မန်စီးတီးကို ၁၈လကြာ တာဝန်ယူပြီး ကာလင်းဖလားအကြိုဗိုလ်လုပွဲရောက်အောင် ကြိုးစားပေးနိုင်ခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် ပရီမီယာလိဂ် ၁၁ပွဲကစားရာတွင် နှစ်ပွဲသာနိုင်ပွဲရခဲ့၍ အသင်းပိုင်ရှင်များက နည်းပြ၏ ကစားသမားပွဲထုတ်ပုံများကို ကျေနပ်မှုမရခဲ့ချေ။

သရေပွဲ

မန်စီးတီးသည် ယခုနှစ် ပရီမီယာလိဂ်တွင် ရှုံးပွဲ နှစ်ပွဲသာရှိခဲ့သော်လည်း သရေပွဲအများဆုံး ကြုံတွေ့ခဲ့ရသည်။ လက်ရှိ မန်စီးတီးအသင်းသည် အမှတ်ပေးဇယားနံပါတ် ၆နေရာ၌ ရှိနေသည်။

(အင်တာနက်)

ဘရာဇီး ရေကူးချန်ပီယံစီလို မီတာ ၅၀ တွင် ကမ္ဘာ့စံချိန်ချိုး

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၀

ဘရာဇီးရေကူးချန်ပီယံ ဆီးဆာစီလိုသည် ဆော်ပေါလိုမြို့၌ ကျင်းပသော ကမ္ဘာ့ရေကူးချန်ပီယံပြိုင်ပွဲ အမျိုးသား မီတာ ၅၀ အလွတ်ကူးတွင် စံချိန် ၂၀ ဒသမ ၉၁ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်ကာ ရွှေတံဆိပ်ဆုဆွတ်ခူးသွားသည်။

မီတာ ၅၀ အလွတ်ကူးတွင် ယခင်က ပြင်သစ်နိုင်ငံမှ ရေကူးချန်ပီယံ ဖရီဒါရစ် ဘော့စ်ကွက်က စံချိန် ၂၀ ဒသမ ၉၄ စက္ကန့်ဖြင့်သာ စံချိန်တင်ထားခဲ့သည်။



စီလိုသည် အီတလီနိုင်ငံ ရောမမြို့၌ ဇွန် ၃၀ ရက်က ကျင်းပသော မီတာ ၁၀၀ ရေကူးပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၄င်းသည် ပေကျင်းအိုလံပစ်တွင်လည်း မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးထားသူလည်း ဖြစ်သည်။ **(အင်တာနက်)**

ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းသူများ

ဒီဖိုး(စပါး)	၁၃ ဂိုး
ဒရော့ဘာ(ချယ်လ်ဆီး)	၁၃ ဂိုး
ရွန်နေ (မန်ယူ)	၁၂ ဂိုး
တောရက်စ် (လီဗာပူး)	၁၁ ဂိုး
ဒါရင်ဘင့် (ဆန်းဒါးလန်း)	၁၀ ဂိုး

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

လီဗာပူးတိုက်စစ်မှူး တောရက်စ်အားခေါ်ယူရေး ချယ်လ်ဆီးအသင်း ပစ်မှတ်ထားနေ

လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်အား ပေါင်သန်း ၆၀ ပေး ခေါ်ယူရန် ချယ်လ်ဆီးအသင်းက ပစ်မှတ်ထားနေကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်က ဖော်ပြသည်။

မန်စီးတီးအသင်း တိုက်စစ်မှူးရော်ဘင်ဟို ဘာစီလိုနာသို့ပြောင်းရွှေ့ရေး နီးစပ်လာ

မန်စီးတီးအသင်းသို့ နည်းပြသစ်အဖြစ် ရောဘတ်တို မန်စီနီရောက်ရှိလာခဲ့ပြီဖြစ်လင့်ကစား ဇန်နဝါရီအပြောင်းအရွှေ့ ရာသီတွင် မန်စီးတီးတိုက်စစ်မှူးရော်ဘင်ဟို၏ ဘာစီလိုနာသို့ပြောင်းရွှေ့ရေးမှာ နီးစပ်နေပြီဖြစ်ကြောင်း မေးလ်အွန် ဆန်းဒေး သတင်း၌ ဖော်ပြသည်။

လာမည့် ဇန်နဝါရီ၌ ကစားသမားများစွာခေါ်ယူရေး မန်စီးတီးနည်းပြသစ် မန်စီနီ ပြင်ဆင်ပြီ

မန်စီးတီးနည်းပြသစ် မန်စီနီသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် လီဗာပူးတိုက်စစ်မှူး တောရက်စ်နှင့် ကွင်းလယ်ကစားသမား မာရှေယာနို၊ ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ဖရန့်ခ်ရီဘာရီ၊ အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဆာဂျီယိုအဂွီရို၊ ဘင်ဖီကာတောင်ပံကစားသမား အန်ဂျယ်ဒီမာရီယာ၊ ဘာစီလိုနာမှ ယာယာတိုရေးနှင့် အွန်နရီတို့ကို ခေါ်ယူရန်ပြင်ဆင်နေကြောင်း သည်ဆန်းဒေးတိုင်းမ်စ်က ဖော်ပြသည်။

ရီးရဲတိုက်စစ်မှူး ဘင်ဇီမာအား မန်ယူနည်းပြ ဖာဂူဆန်ခေါ်ယူရန် စီစဉ်နေ

မန်ယူနည်းပြ ဖာဂူဆန်သည် ရီးရဲမက်ဒရစ်တိုက်စစ်မှူး ကာရင်မ်ဘင်ဇီမာအား ပေါင် ၃၅သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေကြောင်း ဆန်းဒေးအိပ်စ်ပရက်စ်၌ ဖော်ပြသည်။

စပါးတိုက်စစ်မှူး ရော်ဘီကိန်းအား ဆန်းဒါးလန်းက ခေါ်ယူရန်စိတ်ဝင်စား

ဆန်းဒါးလန်းအသင်းသည် စပါးအသင်းမှ အိုင်ယာလန်တိုက်စစ်မှူးရော်ဘီကိန်းအား စိတ်ဝင်စားလျက်ရှိပြီး ပေါင် ၁၂ သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် ပြင်ဆင်နေသည်။

ဘယ်လ်ဂျီယံ တိုက်စစ်မှူး လူကာကူအား ခေါ်ယူရေး ချယ်လ်ဆီး၊ ရီးရဲနှင့် အေစီတို့ အပြိုင်ကြိုးပမ်းနေ

အန်ဒါလက်ချ်အသင်းမှ အသက် ၁၆နှစ် အရွယ်ရှိ ဘယ်လ်ဂျီယံ လူငယ်ကြယ်ပွင့် တိုက်စစ်မှူး ရိုမီလိုလူကာကူအား ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်နှင့် အေစီမီလန်အသင်းများက ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြကြောင်း မေးလ်အွန် ဆန်းဒေးက ဖော်ပြသည်။

ရီးရဲ ကွင်းလယ်မှ ရာဖေးလ် ဗန်ဒါဗတ်အား ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ အာဆင်နယ်ခေါ်ယူမည်

လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ရာဖေးလ် ဗန်ဒါဗတ်အား အာဆင်နယ်အသင်းက ပေါင်ခြောက်သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ဆန်းဒေးမေရာက ဖော်ပြသည်။

စပိန်တိုက်စစ်မှူး ဆိုလ်ဒါဒိုအားခေါ်ယူရေး ဘလက်ဘန်းအသင်း စီစဉ်ပြင်ဆင်လျက်ရှိ

ဘလက်ဘန်းအသင်းသည် စပိန်တိုက်စစ်မှူး ရောဘတ်တို ဆိုလ်ဒါဒိုအား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန်စီစဉ်နေသည်။

မာဆေးလ်တောင်ပံကစားသမား ဘင်အာဖာအား ဇန်နဝါရီ၌ မန်ယူအသင်းက ခေါ်ယူဖွယ်ရှိ

မန်ယူအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် မာဆေးလ် တောင်ပံကစားသမား ဟာတင်မ်ဘင်အာဖာအား ပေါင် ၆၊သန်းဖြင့် ကမ်းလှမ်းခေါ်ယူဖွယ်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်က ဖော်ပြသည်။ ။

(အင်တာနက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်/ဆက် စာကြည့်တိုက်များရှင်သန်ခိုင်မာရေးဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက်၁၀နာရီက (၄၄)ရပ်ကွက် လင်းလဲ့ကြယ်စင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဦးစီးမှူးဒေါ်လှလှဌေးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ချက်၊ စာငှားကတ်စနစ်ကျင့်သုံးရေး နည်းစနစ်များနှင့် ငွေပဒေသာပင်စိုက်ထူရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဦး **(အပေါ်ပုံ)**၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် အတွင်းရေးမှူးဦးစိုးကြည်တို့က စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်မည့်လုပ်ငန်းများကို ပြန်လည်ဆွေးနွေး တင်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သော အမှတ်(၆)ရပ်ကွက် ၄လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သီတာစိုးဆောင်ရွက်လျက်ရှိရာသို့ ဒီဇင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့်အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၃၇)

ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာ အထကကျောင်းခွဲ မြတ်ဆရာပူဇော်မည်

ကျောင်းကုန်း ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာ အထက(ခွဲ)ရှိ သံလွင်ဆောင်ခန်းမ၌ကျင်းပမည်ဖြစ်၍ မြတ်ဆရာပူဇော်ပွဲသို့ အပူဇော်ခံကြွရောက်မည့် ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများသည် မြတ်ဆရာပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးမြကြိုင် (ချောင်ကြီးကျေးရွာ) ဖုန်း-၀၉-၈၅၅၃၀၇၄ နှင့် ဦးသက်လွင် (ရှမ်းရွာ) ဖုန်း-၀၉-၈၅၇၂၅၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၅၄)

မော်တော်ယာဉ်များ စည်းကမ်းလိုက်နာရေး ကလေးမြို့၌ စစ်ဆေးဆောင်ရွက်

ကလေး ဒီဇင်ဘာ ၂၀

မော်တော်ယာဉ်မတော်တဆ မဖြစ်ပွားရေး၊ ခရီးသွားပြည်သူများ လုံခြုံရေးအတွက် ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိန်ဝင်းဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သွမ်ဝင်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးစိုးဝင်းတို့ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီခွဲက ကလေးမြို့ ပင်မယာဉ်ရပ်နားစခန်း(ကားကြီးဝင်း)တွင် ကလေး-မုံရွာ-မန္တလေးသို့ပြေးဆွဲနေသည့် ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများတွင် ယာဉ်များသတ်မှတ်ချက်များ ရှိမရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင် ရှိမရှိ၊ ယာဉ်များ ကြံ့ခိုင်ရေးရှိမရှိတို့ကို ကြီးကြပ်စစ်ဆေးပြီး ယာဉ်များ စည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ရေး၊ ခရီးသည်ယာဉ်များအန္တရာယ်မရှိအောင် ပို့ဆောင်နိုင်ရေးနှင့် ခရီးသည်များ အန္တရာယ်ကင်းစွာ စီးနင်းနိုင်ရေးတို့ကို ပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အသိပေးရှင်းလင်း

ဒီဇင်ဘာ ၁၄ရက်က တာမွေမြို့နယ် မိခင်နှင့်ကလေး သေဆုံးမှုလျှော့နည်းကျဆင်းရေးလုပ်ငန်း အသိပေးရှင်းလင်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၇၁)

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ငဖဲမြို့ မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဌေးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေပေးရေးလုပ်ငန်း ဖလမ်း၌ဆောင်ရွက်

ဖလမ်း ဒီဇင်ဘာ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်ခေါဒါရ် မြို့စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် အမှတ်(၁)နှင့်အမှတ်(၂) ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေလုံလောက်မှုရရှိနိုင်ရေးအတွက် ရေဖြန့်ဝေလိုင်း ရေပိုက်သွယ်တန်းခြင်း စနစ်တကျ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၅ရက်က ခေတ္တညွှန်ကြားရေးမှူးဦးမျိုးအောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ညဥ့်နက်သန်းခေါင် ဆောင်းဘောက်သံဆူညံ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးမြို့ လမ်းဆုံအနီး ဘုရင့်နောင်ရပ်တုမြောက်ဘက်ခြမ်း၌ ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်များသည် ညနေ ၄နာရီခန့်မှစ၍ လူသွားလမ်း ပလက်ဖောင်းပေါ်တွင် စားပွဲ၊ ထိုင်ခုံများခင်းပြီး ချရောင်းကာ တီဗွီဆောင်းဘောက်သံဆူညံစွာ နေ့စဉ် ညသန်းခေါင်ကျော်အထိ ဆိုင်ဖွင့်ရောင်းချနေပါသဖြင့် လမ်းဘေးဝဲယာတွင် နေထိုင်ကြသူများ အနှောင့်အယှက် ဖြစ်ရပါသောကြောင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

အကြော်စုံညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

တောင်ကြီးမြို့ ဟော်ကုန်းရပ် မြတ်လေးလမ်းသွယ်ရှိ လက်ဖက်နှင့် အကြော်စုံရောင်းဝယ်ရေးမှ နေ့စဉ်အကြော်များကို ကြော်လျက်ရှိရာ ၎င်းမှထွက်ရှိသော ညှော်နံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေး ထိခိုက်နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူများ**

ရပ်ကွက်အတွင်းမှ ဝက်မွေးမြူရေး သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် ဗေဒါ ၂လမ်းရှိ နေအိမ်အချို့တွင် ဝက်များ မွေးမြူထားကြသဖြင့် ဝက်စာအနံ့ဆိုးများကို ပတ်ဝန်းကျင်နေထိုင်သူများ နေ့စဉ်ခံစားနေရပါ၍ ကျန်းမာရေးထိခိုက်ရပါသောကြောင့် ရပ်ကွက်အတွင်းမှ ဝက်မွေးမြူခြင်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးနိုင်ရေး တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ကျူးကျော်အိမ်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မြို့သစ်ရပ်ကွက်ရှိ ပိတောက်လမ်းမကြီးသည် ယခင်က ကားကြီး ကားငယ်များနှင့် လူအများသွားလာလျက်ရှိသည့် လမ်းမကြီးဖြစ်ရာ ယခုအခါ ၎င်းလမ်းမကြီးအား ပိတ်ဆို့၍ ကျူးကျော်နေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း၊ ကားလမ်းမကြီးဘေးရှိ လယ်မြေများပေါ်တွင် ကျူးကျော်၍ လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်းများ၊ ဈေးရောင်းဝယ်ခြင်းများ ပြုလုပ်နေပါသဖြင့် သွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် ကျူးကျော်နေအိမ်များကိုဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ပျော်ဘွယ်သား

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

ကျိုက်ထိုမြို့ ဖက္ကလိပ်ကျေးရွာ ရွာမပိုင်းရှိ အိမ်တစ်အိမ်၏ အနောက်ဘက်တွင် စီးပွားဖြစ် ဝက်များမွေးမြူထားရာ ထိုဝက်ခြံမှ အညစ်အကြေး၊ အနံ့ဆိုးများနှင့် အစာချဉ်ဖတ်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျိုက်ထိုသူ**

လမ်းပိတ်ဆို့မှု ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် ဗိုလ်တထောင်ဈေးလမ်း (အထက်) လမ်းတွင် ကုန်တင်ကားများနှင့် ကရိန်းကားများသည် လမ်းမကြီးပေါ်တွင် ပိတ်ဆို့ရပ်တန့်ခြင်း၊ ကားများနှစ်စီးမှ သုံးစီးထိထပ်၍ ရပ်တန့်နေခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ပြီး ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လေ့ရှိရာ ယာဉ်များ စနစ်တကျ ရပ်နားနိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားများ**

ပုံကျဈေးသည် ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် လှည်းတန်း ပေ ၅၀ လမ်းမပေါ်တွင် ပုံကျဈေးသည်များအား နံနက်ပိုင်း ၁၁နာရီအထိသာ သက်ဆိုင်ရာက ရောင်းချခွင့်ပေးထားပါသည်။ သို့သော်ယခုအခါ ညနေပိုင်း၌ပါ ဈေးသည်များလမ်းအပြည့် ကားများသွားမရအောင် ပိတ်ဆို့ ရောင်းချနေကြပါသည်။ တာဝန်ရှိသူများမှ ရှင်းလင်းလျှင် ခဏသာဖြစ်ပြီး ရောင်းချမြဲသာဖြစ်၍ သက်ဆိုင်ရာမှ စစ်ဆေးကြပ်မတ်ပေးပါရန် တင်ပြလိုက်ရပါသည်။ **ရှင်းလင်းစေလိုသူ**

မီးသွေးကားများကြောင့် အိပ်ရေးပျက်နေရ

စာတည်းရှင့်-

စစ်ကိုင်းတိုင်း မုံရွာမြို့ ရန်ကင်းရပ်ကွက် ငြိမ်းချမ်းရေးနယ်မြေ အောင်သစ္စာလမ်း ယခင်ကုန်စည်ဒိုင်ဟောင်းအနောက်ဘက်တွင် မီးသွေးပွဲရုံကြီးရှိရာ မီးသွေးများကို လှယ်လိုက်သွန်လိုက် ပြုလုပ်နေပါသဖြင့် ဘေးပတ်ဝန်းကျင်တွင် အမှုန်များပျံ့နှံ့နေပြီး ညအချိန်မတော်တွင် မီးသွေးကားများ အဝင်အထွက်နှင့် မီးသွေးချသံများဆူညံနေသောကြောင့် ပတ်ဝန်းကျင်မှအိမ်များ ညစဉ်အိပ်ရေးပျက်ကာ ကျန်းမာရေးထိခိုက်ရပါသောကြောင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်ရသူများ**

ကျောက်ကြီး၌ လောင်စာဆီ ရောင်းချမှု ရှင်းလင်းဆောင်ရွက်ပြီး

၆-၇-၂၀၀၉ရက် မြန်မာ့အလင်းသတင်းစာပါ **ကျောက်ကြီးမြို့ မြို့မရပ်ကွက်များအတွင်း မီးလောင်လွယ်စေသည့် လောင်စာဆီများသိုလှောင်ခြင်းနှင့် ရောင်းချခြင်းများပြုလုပ်လျက်ရှိရာ မီးဘေးအန္တရာယ်စိုးရိမ်နေရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ကြက်ခြံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၉-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်တွင်းကြီးမြို့ အုန်းတော(၂)ရပ်ကွက် ထနောင်းရိပ်လမ်းတွင် စီးပွားဖြစ်ကြက်မွေးမြူရေးခြံမှ အနံ့ဆိုးများနံစော်နေခြင်းကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

လမ်းကောင်းမွန်ရေးဆောင်ရွက်ပြီးစီး

၂၃-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဧရာဝတီတိုင်း ကြံခင်းမြို့နှင့် မက်သနောစက်ရုံ(ဆိပ်သာ)လမ်း အရှည်ရှစ်မိုင်ခန့်ရှိသော ကားလမ်းမသည် ပျက်စီးနေပါသဖြင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေး ပြုပြင်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ယခုပေးပို့သောစာမျက်နှာကိုသာ အတည်ပြုပါရန်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စမုံလမ်း၊ အမှတ် ၁၉၊ ပညာရေးရိပ်သာနေ
ဦးဘိုဝင်း (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန)-ဒေါ်ခင်မော်
(ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းစာရင်းရုံး)တို့၏သားကြီး
ဗိုလ်ကြီးကျော်စိုးဝင်း
M.B.,B.S (D.S.M.A), M.Med.Sc (Internal Medicine), MRCP (Part I)
နှင့်
မှော်ဘီမြို့၊ နည်းပညာတက္ကသိုလ်နေ(ဦးဝင်းထွဋ်)-ဒေါ်ရင်ရင်မြတို့၏သမီးလတ်
ဗိုလ်ကြီးအောင်ပိုင်ပိုင်စိုး-ဒေါ်စုစန္ဒာအောင်
(ကထိက၊ နည်းပညာတက္ကသိုလ်၊ မှော်ဘီမြို့)တို့၏ညီမ
မဝင်းသန္တာထွဋ်
Bachelor of Law (LL.B), Diploma in Business Law

တို့၏ ၁၁-၁၂-၂၀၀၉ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး အားလည်းကောင်း၊ ၁၉-၁၂-၂၀၀၉ ရက်တွင် Chatrium Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သမီးလေးမဝတီထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မတင်ဇာမိုး၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မသဲသဲနှင်းဝေအောင်၊ သတို့သားအရံ ဗိုလ်ကြီးဝင့်ဇော်ဦးနှင့် ဗိုလ်ကြီးအောင်ဖြိုးလတ်၊ သတို့သမီးအရံ မမေမြတ်နိုးနှင့် မမေပိုးဖြူ၊ မင်္ဂလာအခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပေးသော ဦးလှမျိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော အကယ်ဒမီချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် ချီးမြှင့်ပေးပါသော Royal Music Band အားလည်းကောင်း၊ သတို့သမီးဝတ်စုံလက်ဝတ်ရတနာ၊ မိတ်ကပ်နှင့်ဆံပင်အလှ ဖန်တီးပေးပါသော ဒီဇင်ဘာနှင်းအားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဓာတ်ပုံအကိုင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ ဇေယျာသုခပုံနှိပ်တိုက်မှဦးကျော်သူနှင့် Chatrium Hotelမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားဖိတ်ကြားလွှာ ရိုက်နှိပ်ပေးပါသော Dagon ဖိတ်စာနှင့်ပုံနှိပ်တိုက်အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ရာတွင် ပံ့ပိုးကူညီပေးပါသော ဒေါ်တင့်တင့်ဝင်းနှင့် မရှင်မွေးကြူအားလည်းကောင်း အနူးအညွတ်ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်စိုးဝင်း-မဝင်းသန္တာထွဋ်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးခင်မောင်လွင်-ဒေါ်လွင်လွင်မေ
တို့၏သားကြီး
မောင်ဇာခြည်လွင် B.A(Eng:)
နှင့်
ပြင်ဦးလွင်မြို့နေ
ဒုတိယဗိုလ်မှူးကြီးဉာဏ်လင်း(ငြိမ်း)-ဒေါ်ခင်သန်းနွယ်
တို့၏ သမီးကြီး
မမေရည်နွယ် B.Sc (Hons:), M.Sc (Zool)
(အောင်မြန်မာသစ်ခွ)

တို့၏ ၂၀-၁၂-၂၀၀၉ရက်(တနင်္ဂနွေနေ့)တွင် Summit Parkview Hotel ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ကျော်သိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ယုဇန၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်လှအောင်(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းမြင့်၊ ၁၁-၁၂-၂၀၀၉ရက်(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါ်နန်းစန္ဒာစန်း၊ မင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ DSA (18) ကျောင်းဆင်း သူငယ်ချင်းများနှင့် ဇနီးများ၊ မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ဇာခြည်လွင်-မမေရည်နွယ်။

စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်ဖြစ်ရေး ဒေါပုံပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ရက်က နွယ်အေးရပ်ကွက် ဘ၀ ရှေ့ဆောင် စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဌေးမြင့်က စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် စာငှားစနစ် ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ပြန်လည်ဆွေးနွေး

ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ငွေက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

(၁၉၉၁-၁၉၉၄) ရန်ကုန်တက္ကသိုလ် (လှိုင်)
သချ်ာကျောင်းသားကျောင်းသူများ

ရန်ကုန်တက္ကသိုလ်(လှိုင်) ၁၉၉၁-၁၉၉၄ သချ်ာကျောင်းသား ကျောင်းသူဟောင်းများ၏ ပညာသင်ပြီးမြောက်သည့် (၁၅)နှစ်ပြည့် အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ M3 Food Centre တွင် ကျင်းပမည်ဖြစ်ပါ၍ သချ်ာကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်လှူဒါန်းကြပါရန်-

ကိုတင်မောင်မောင် ဖုန်း-၀၉-၅၀-၂၂၅၈၇
ကိုကျော်မင်းလှိုင် ဖုန်း-၀၉-၅၀-၀၄၇၈၆
ကိုသီဟအောင် ဖုန်း-၀၉-၅၀- ၃၄၅၅၃
ကိုသန့်လွင် ဖုန်း-၀၉-၉၉-၂၇၅၅၂
မသန်းသန်းထွေး (မEc)
ဖုန်း-၀၉-၅၁-၀၉၁၂၈
မခင်စံပယ်သွင် ဖုန်း-၀၉-၅၁-၆၈၅၄၆၊
၀၉-၈၆၄၅၂၆၇
ကိုစိုးမျိုးနွယ်(စိုးစိုး)ဖုန်း-၀၉-၅၁-၄၄၇၀၄
ကိုဝင်းအေး ဖုန်း-၀၉-၅၄- ၀၀၁၁၂
ကိုဥက္ကာအောင် ဖုန်း-၀၉-၅၀-၅၂၇၂၂
မမြမြကြွယ် ဖုန်း-၀၉-၅၁-၅၄၈၂၆
မထက်ထက်အေး ဖုန်း-၀၉-၅၁-၁၈၆၉၇
မချိုမာမင်း ဖုန်း-၀၉-၅၁-၅၂၉၇၆

Golden Star
ကျိုက်ထီးရိုး - 10000
ချောင်းသာ - 15000
ငွေဆောင် - 20000
No.24,153 St, Ph: 544383
09-508 1580, 09-513 3640

ဒီဇင်ဘာ ၁၄ရက်က ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တံခါး မြို့မဈေးကြီးတွင် မြို့နယ်မီးသတ် ဦးစီးဌာန၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးအကျိုးဆောင်အဖွဲ့ဝင်များပူးပေါင်း၍ မီးငြိမ်းသတ်ရေးကိရိယာများထားရှိမှုအခြေအနေကို စစ်ဆေးပြီး မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်စဉ်။

(မြို့နယ် စည်ပင်)

GOLDEN STAR အဆင့်မြင့်ခရီးစဉ်များ
- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပား Dec:24,Jan:1
- တောင်ကြီး-အင်းလေး-ပင်းတယ Dec:24,Jan:1
- မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ Dec:24,Jan:1
- ကျိုက်ထီးရိုး/မော်လမြိုင်-ကျိုက္ခမီ-စက်စဲ Dec:24,Jan:1

No. 24, 153 Street, Tamwe. Ph: 544383, 09-508 1580, 09-5133640

GATE WAY TRAVELS အဆင့်မြင့်ခရီးစဉ်များ
-ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပား Dec-24 , Jan -1
-တောင်ကြီး၊အင်းလေး၊ ပင်းတယ Dec-24 , Jan -1
-မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Dec-24 , Jan -1
-ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)၊ ငွေဆောင်(သောကြာ)
ဖုန်း-၅၅၇၃၄၂၊ ၅၄၈၁၅၂၊ ၀၉-၅၁၈၂၁၄၇၊ ၀၉-၅၀၇၉၃၈၈။

ဆေးတက္ကသိုလ်(၁) ရန်ကုန်မြို့၊ ၁၉၇၃ခုနှစ် သင်တန်းဝင်ဆရာဝန်များ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ

ဆေးတက္ကသိုလ်(၁)ရန်ကုန်မြို့သို့ ၁၉၇၃မှာ သင်တန်းဝင်ပြီး ၁၉၈၁မှာ အောင်မြင်ကြတဲ့ သူငယ်ချင်းများ၊ ၁၉၇၃ မတိုင်မီ သင်တန်းဝင်ပြီး ၁၉၈၁မှာ အောင်မြင်ကြတဲ့ သူငယ်ချင်းများနဲ့ ၁၉၇၃မှာ သင်တန်းဝင်ပြီး ၁၉၈၁နောက်ပိုင်းမှ အောင်မြင်ကြတဲ့ သူငယ်ချင်းများအားလုံးရဲ့ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနဲ့ မိတ်ဆုံညစာစားပွဲကို ၃-၁-၂၀၁၀ရက် (တနင်္ဂနွေနေ့)မှာ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပါမည်။ အာစရိယပူဇော်ပွဲရန်ပုံငွေထည့်ဝင်ကြတဲ့သူငယ်ချင်းတို့ရဲ့ ထက်သန်လှတဲ့သဒ္ဓါတရားအတွက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့အနေနဲ့ လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရင်း သာဓုခေါ်ပါတယ်။ အာစရိယပူဇော်ပွဲနဲ့ ညစာစားပွဲတက်ရောက်မယ့် သူငယ်ချင်းဦးရေ တိတိကျကျမသိရသေးတာမို့ ပူဇော်ပွဲရန်ပုံငွေထည့်ဝင်ပြီးသူ ၁၁၀စာရင်းကို အခြေပြုပြီး နံနက်/ညနေနှစ်ပွဲလုံးမှာ လောလောဆယ် ၁၂၅ဦးအတွက် ခန့်မှန်းစီစဉ်ထားပါတယ်။ ဒီလိုစီစဉ်ရာမှာ မပြည့်စုံမှုတွေရှိမှာစိုးပါ၍ ၂၆-၁၂-၂၀၀၉ရက်(စနေနေ့) မွန်းလွဲ၁၂း၃၀နာရီ၊ ဒေါက်တာတင်ထွေး-ဒေါက်တာသီတာဝေတို့ရဲ့အိမ်၊ အမှတ်၃၉၈၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (ကျောက်မြောင်းဈေးနောက်ကျော၊ ကျောက်မြောင်းမီးသတ်မျက်နှာချင်းဆိုင်)မှာ ကျင်းပမယ့် နောက်ဆုံးအစည်းအဝေးသို့ သူငယ်ချင်းများ မပျက်မကွက်တက်ရောက်ရင်း ဒေါက်တာသိန်းမြင့်ရဲ့ အာဟာရဒါနကို ပျော်ပျော်ပါးပါး အားပေးသုံးဆောင်ပြီး အာစရိယပူဇော်ပွဲနဲ့ ညစာစားပွဲအတွက် ကြိုတင် Attendance Confirmation ပေးကြဖို့ ဖိတ်ခေါ်ပါတယ်။ ၂၆-၁၂-၂၀၀၉ရက် မလာနိုင်သူများ ဖုန်းဆက်ပြီး Confirm လုပ်ပေးကြဖို့၊ ညစာစားပွဲလာတဲ့အခါ လက်ဆောင်လဲလှယ်ဖို့ နှစ်သက်ရာ လက်ဆောင်တစ်ခုစီနဲ့ Contact Addresses Update CD ထုတ်နိုင်ဖို့ Passport or License Size Colour Photo တစ်ပုံစီယူခဲ့ကြဖို့ မေတ္တာရပ်ခံပါတယ်။ CD ထုတ်ရာမှာ တတ်နိုင်သမျှ သူငယ်ချင်းဦးရေ အပြည့်စုံဆုံးဖြစ်အောင် ကူညီတဲ့အနေနဲ့ ၃-၁-၂၀၁၀ရက်မှာ မလာနိုင်သူများသည် Weekly Eleven News Journal မှာ ဖော်ပြမယ့် Data Form ကို ဖြတ်ယူဖြည့်သွင်း၊ ဓာတ်ပုံကပ်ပြီး ဒေါက်တာသန္တာအောင် အမှတ်၂၃၈၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့ ၁၅-၁-၂၀၁၀ရက် နောက်ဆုံးထားပြီး အမြန်ချောပို့နဲ့ ပေးပို့ကြဖို့ အနူးညွတ်မေတ္တာရပ်ခံပါတယ်။

အာစရိယပူဇော်ပွဲ
နေ့ရက် - ၃-၁-၂၀၁၀ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀နာရီ
နေရာ - ဆေးတက္ကသိုလ်(၁)လမ်းမတော်၊ ရန်ကုန်မြို့၊ Old Library

မိတ်ဆုံညစာစားပွဲ
နေ့ရက် - ၃-၁-၂၀၁၀ရက်(တနင်္ဂနွေနေ့)
အချိန် - ညနေ ၆း၀၀နာရီ
နေရာ - Brasserie Restaurant, Level I Sedona Hotel,Yangon

ဆက်သွယ်ရန်ပုဂ္ဂိုလ်များ-
၁။ ဒေါက်တာဖေသက်ခင် ဖုန်း-၀၉-၂၀-၀၀၄၇၀
၂။ ဒေါက်တာတင့်ဆွေလတ် ဖုန်း-၀၉-၅၁-၆၇၃၃၂
၃။ ဒေါက်တာယဉ်ယဉ်စိုး ဖုန်း-၀၉-၅၀-၁၇၁၄၁
၄။ ဒေါက်တာခင်မြင့်ဝေ ဖုန်း-၀၉-၅၀-၁၇၅၂၃
၅။ ဒေါက်တာသန်းသန်းနွဲ့ ဖုန်း-၀၉-၅၀-၁၈၇၆၃
၆။ ဒေါက်တာအောင်သန်းဦး ဖုန်း-၅၁၄၀၇၄
၇။ ဒေါက်တာအေးအောင် ဖုန်း-၀၉-၅၁-၅၈၉၆၁၊ ၅၃၆၃၂၁
၈။ ဒေါက်တာခင်ဝင်းကြူ ဖုန်း-၀၉-၈၆-၁၁၈၆၂၊ ၅၆၄၀၄၁
၉။ ဒေါက်တာဝင်းသိန်း ဖုန်း-၅၇၉၀၄၆၊ ၅၇၂၆၄၁
၁၀။ ဒေါက်တာကြူကြူသန်း ဖုန်း-၀၉-၅၀-၁၄၅၈၈၊ ၅၆၁၉၃၉
၁၁။ ဒေါက်တာခင်မီမီသက် ဖုန်း-၅၂၆၇၁၇
၁၂။ ဒေါက်တာသန္တာအောင် ဖုန်း-၄၀၀၀၈၄

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲဖြစ်မြောက်ရေးအဖွဲ့။

သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူးဦးဉာဏ်ထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူးဦးခင်မောင်ထွန်း၊ တပ်ခွဲမှူးသန်းအေးနှင့် တပ်ဖွဲ့ဝင်များ၊ ကြီးပွားရေးရပ်ကွက် ဥက္ကဋ္ဌ ဦးဆောင်းတင်နှင့်အဖွဲ့ဝင်များ ဒီဇင်ဘာ ၁၉ရက်က ကြီးပွားရေးရပ်ကွက် မီးဖိုမီးသုံးစွဲမှုနှင့် ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကြစဉ်။ (၁၂၁)

ကွတ်ခိုင်၌ ကျေးရွာစာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

မူဆယ် ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် နိမ်လွန်ခိုမုန်းကျေးရွာ အပြုံးပန်းစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ခိုင်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ငွေငွေဝင်းတို့သည် ဒီဇင်ဘာ ၁၇ရက်က အဆိုပါကျေးရွာသို့ ကွင်းဆင်း၍ မြေနေရာ ရွေးချယ်ကြသည်။

ပန္နက်တင်

အပြုံးပန်းစာကြည့်တိုက်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် နံနက်၈နာရီ ၁၅မိနစ်က ကျင်းပရာ မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ ရွှေစပါးကုမ္ပဏီ ကိုယ်စားလှယ် ဦးအိုက်စံ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငွေငွေဝင်း၊ ကျေးရွာဥက္ကဋ္ဌဦးကျီးခင်နှင့်အဖွဲ့ဝင် ဦးယောဟန်တို့က အဆိုပါစာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၁၂ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၆) ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားတွင် မြို့နယ်အဆင့် အင်္ဂလိပ်စာ ပထမဆုရ တတိယတန်းမှ မမေသင်းခိုင်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)



ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အသုံးမပြုလိုတော့သည့် စက်၊ ယာဉ်၊ ယန္တရား အဟောင်း ၄၈ စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

စဉ်	တင်ဒါအုပ်စုအမှတ်	စက်၊ ယာဉ်၊ ယန္တရား အရေအတွက်	စက်၊ ယာဉ်၊ ယန္တရားအခြေအနေ ကြည့်ရှုရမည့်နေရာ
၁။	Lot No.1,2,3,4,5,6,7,8 9,10,11,12,13,14,15,16, 17,18,19,20,21,22,23	၃၃-စီး	ယန္တရားတပ်ခွဲ(တောင်)ရန်ကုန်
၂။	Lot No. 24	၁-စီး	တပ်စု(၃)ပုသိမ်
၃။	Lot No. 25,26	၃-စီး	ဘားအံ
၄။	Lot No. 27	၃-စီး	လမ်းအထူးအဖွဲ့(၉)၊ ဖာပွန်
၅။	Lot No. 28	၃-စီး	မော်လမြိုင်
၆။	Lot No. 29	၂-စီး	သထုံ
၇။	Lot No. 30,31,32	၃-စီး	မြိတ်

၂။ ချိပ်ပိတ်တင်ဒါ တင်သွင်းလွှာတစ်စောင်လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ၁၈-၁၂-၂၀၀၉ရက်မှ ၂၈-၁၂-၂၀၀၉ရက်အထိ စက်မှုဦးစီး၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်နှင့် ယန္တရားတပ်ခွဲ(တောင်)၊ မရမ်းကုန်း၊ ရန်ကုန်မြို့တို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါ ဈေးနှုန်းတင်သွင်းလွှာများကို ၂၈-၁၂-၂၀၀၉ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) စက်မှုဦးစီးဌာန ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် တင်သွင်းရမည်ဖြစ်ပြီး ၂၉-၁၂-၂၀၀၉ရက် နံနက် ၁၀နာရီတွင် ရုံးအမှတ်(၁၁) နေပြည်တော်၌ ဖွင့်လှစ်ရောင်းချပါမည်။

ရောင်းချရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများ
ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်-

(1) 3 KW UHF TV Transmitter System (Dual Cast) 2Sets
- Dual Power Amplifier (Analogue/Digital)
- Output Coaxial Equipment & Channel Combiner
- Program Input and Monitoring Equipment & Audio/ Video Power & RF Cabling Material

(2) Antenna System for 3 KW TV.TX & RF Feeder Cable 2Sets

(3) 100 Meter Guyed Tower Complete Set 1 Lot

(4) Automatic Voltage Regulator & Power Distribution Board for TV.TX 2Nos

(5) Generator (Diesel, Open type, 3Ø, 65 KVA, 380 V.50Hz) 2Nos

(6) Supervision Commissioning and on site training 2 Lots

၂။ တင်ဒါပေးသွင်းမှုကို ၃၁-၁၂-၂၀၀၉ ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

အလောင်းတော်ကဿပဖူးမြင်ရန်

မဟာမြိုင်တော၊ ဝေဘူဝေဘာတောင်လိုဏ်ဂူတွင် ကိန်းဝပ်တော်မူသော မဟာကဿပ ရဟန္တာကိုယ်တော်မြတ်ကြီးအားဖူးမြင်ရန်။

၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၁၀၊ ၁၁ရက် (ဇန်နဝါရီ ၂၄၊၂၅)ရက် ရန်ကုန်မှ ရထားဖြင့်ထွက်ပါမည်။ လိုက်ပါလိုသောဘုရားဖူးများ ဆရာတော် ဦးပဏ္ဍိစ္စ ပုပ္ပားကျောင်း၊ ထောက်ကြန့်၊ ဖုန်း-၆၀၀၀၂၈နှင့် ဦးမောင်မောင်ဌေး အမှတ် ၈၂၁၊ ၁၀လမ်း၊ ရန်ကုန်၊ ဖုန်း-၂၂၆၀၂၄တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ပါသည်။

ရောင်းမည်/လဲမည်

ချောင်းသာကမ်းခြေ အဆင့်မြင့်ဧည့်ရိပ်မွန်အသစ်၊ မြေစတုရန်းပေ ၃၆၀၀၀ ပေါ်တွင် RC အဆောက်အအုံ စတုရန်းပေ ၁၄၆၄၀ ဆောက်ထားပါသည်။ အခန်း ၃၀ ရှိပါသည်။ အခန်းအားလုံး ကြွေပြားခင်း/ကပ်ထား။ ရန်ကုန်(သို့) မန္တလေးရှိ မြေကွက်(သို့) အဆောက်အအုံနှင့်လဲမည်။

ဆက်သွယ်ရန် -
ဖုန်း-၀၉-၅၂၀၁၉၄၆၊ ၀၉-၅၀၆၀၆၉၇၊ ၀၁-၇၀၆၃၀၃။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန် အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်း သတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေး လျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

*** တာလီစိန်ရွှေရတနာဆိုင်မှ သင်တန်းပေးမည် ***

6-1-2010 ဖွင့်မည်။

(၁) ရွှေ၊ စိန်၊ ရွှေထည်၊ စိန်ထည်၊ ကျောက်ထည်များအကြောင်း (အသေးစိတ်)
(၂) အရေးကြီးသောပန်းထိမ်ပညာအခြေခံ (ကြိုး၊ ရွှေသား၊ ကျောက်ထည်၊ စိန်ထည်)
(၃) အရေးကြီးသော (အထည်များ၊ စာရင်းအင်း၊ ဝန်ထမ်း၊ ပန်းထိမ်) ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ စီမံကွပ်ကဲခြင်း
(၄) ရွှေဆိုင်တစ်ဆိုင်ဖွင့်လျှင် ပြင်ဆင်ရမည့်၊ ကြုံရမည့် ကိစ္စပြဿနာများ
(၅) ရွှေဆိုင်လုပ်ငန်း၏ လက်ရှိအခြေအနေ၊ ဈေးကွက်အခြေအနေ၊ ပန်းထိမ်အခြေအနေ
(၆) ရွှေထည်၊ စိန်ထည်များကို ဖောက်သည်ပေးပါသည်။ (လူဦးရေကန့်သတ်ထားသည်။)
(၇) Digital (ရွှေစမ်းသပ်စက်၊ ရွှေချိန်ခွင်၊ စိန်ချိန်ခွင်၊ ရွှေကျိုစက်) ရွှေထည်အရောင်တင်စက်၊ကြေးဆေးစက်၊ စိန်ထည်ရွှေရောင်တင်အဖြူမှုတ်စက်များနှင့် လက်ရှိရောင်းဝယ်နေသော ဆိုင်လုပ်ငန်းကိုပါ လေ့လာခွင့်ရမည်။

▸▸ အမှတ်(၇၅)၊ လှည်းတန်းလမ်း၊ (လှည်းတန်းဈေးအနီး)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၀၅၁၄၄၊ ၅၂၆၂၁၄၊ ၅၂၃၄၆၉

ရွှေဗီမာန် အားတိုးဆေး

ကျားမတို့၏သဘာဝအား ကိုတိုးပွားစေပြီးစားကောင်း အိပ်ပျော်လျက်ပိန်သူဝစေ၍ ဝသူများအတွက်သွေးတိုး၊လေငန်းရောဂါများကိုကာကွယ်စေပါသည်။

ဆေးဆိုင်တိုင်းတွင်မေးဝယ်ပါ။

0311 YR 003633

နိုဝင်ဘာ ၅ရက်က ကျင်းပသော ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု တဗွန်းပုလဲကျေးရွာ အောင်သုတ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ရီမေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၅)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လေယာဉ်ကွင်းလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ရက်က အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငြိမ်းသန့်တို့ နိုဝင်ဘာ ၂၉ရက်က ပေါက်တောမြို့ အမှတ်(၃) ရပ်ကွက်ရှိ အောင်မြေသုခလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။



ကြိုဆိုနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် နေပြည်တော် ဟိုတယ်ဇုန် မြတ်တော်ဝင်ဟိုတယ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိရာ ဇေယျာသီရိဗိမာန်ရှေ့၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

21-12 (20).pmd 1 12/21/2009, 12:02 PM